# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၁၃ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၆၄)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ) လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## လေတပ်အင်အား တောင့်တင်းခိုင်မာနေမှသာ လေကြောင်းစိုးမိုးအရေးသာမှု ရယူထိန်းသိမ်းနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်မည်



နေပြည်တော် မတ် ၁၂

တပ်မတော်(လေ)၏ လေကြောင်းစွမ်းပကားမြှင့်မားစေရန်အတွက် လေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ စာမျက်နှာ ၃ ကော်လံ ၁ ❑

### ပျံသန်းအလေးပြု

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တိုက်လေယာဉ်များက အုပ်ဖွဲ့ပျံသန်း အလေးပြုခြင်း ဆောင်ရွက်စဉ်။







နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ *ရွှေဖုံးမှ*

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

**ကာကွယ်စောင့်ရှောက်ပေးခဲ့**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါက်ဖွားလာခဲ့သည့် မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားပြည်သူပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသည့် ပြည်သူ့တပ်မတော်၊ ပြည်ထောင်စုတပ်မတော်လည်းဖြစ်ကြောင်း၊ သမိုင်းတစ်လျှောက် တိုင်းပြည်နှင့်လူမျိုးအပေါ် အန္တရာယ်အမျိုးမျိုး ကျရောက်လာသည့်အချိန်တိုင်း၊ အချုပ်အခြာအာဏာကို ခြိမ်းခြောက်ထိပါးခံရသည့် အချိန်တိုင်းတွင် တပ်မတော်သည် ပြည်သူရှေ့က မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို အထင်အရှား တွေ့ရမည်ဖြစ်ကြောင်း။

အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင် ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ထိရောက်အောင်မြင်စွာ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များကို အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝထက်မြက်နေအောင် အစဉ်တည်ဆောက် ထိန်းသိမ်းနေရမည်ဖြစ်ကြောင်း၊ တပ်မတော်အင်အား တောင့်တင်းခိုင်မာပြီး စွမ်းရည်ပြည့်ဝနေမှသာ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ကြောင်းကို ခေတ်အဆက်ဆက် ဖြတ်ကျော်ကြုံတွေ့ခဲ့ရသည့် သမိုင်းအတွေ့အကြုံများက ထင်ထင်ရှားရှား သင်ခန်းစာပေး ထောက်ပြလျက်ရှိကြောင်း။

**များစွာအဓိကကျအရေးပါ**

ခေတ်သစ်စစ်ပွဲများနှင့် လတ်တလောဖြစ်ပွားနေသည့် ကမ္ဘာ့အရေးအခင်းများကို လေ့လာကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် အမျိုးသား အကျိုးစီးပွားဖော်ဆောင်ရေးနှင့် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအဓိကကျအရေးပါသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ မိမိတို့၏လေကြောင်းစွမ်းအားကို တတ်နိုင်သမျှ မြင့်မားကောင်းမွန်အောင် အစဉ်ကြိုးပမ်းနေကြခြင်းဖြစ်ကြောင်း။

တပ်မတော်(လေ)သည် နိုင်ငံ၏ လေကြောင်းစွမ်းအား မြင့်မားကောင်းမွန်စေရန် တာဝန်အရှိဆုံးနှင့် အဓိကအကျဆုံးတပ်ဖွဲ့ဖြစ်ကြောင်း၊ လေတပ်အင်အားတောင့်တင်းခိုင်မာနေမှသာ လေကြောင်းစိုးမိုးအရေးသာမှု ရယူထိန်းသိမ်းနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအားဆိုသည်မှာ လေယာဉ်၊ ရဟတ်ယာဉ်များရှိနေရုံဖြင့်မလုံလောက်သေးဘဲ အထောက်အကူပြုမည့်စနစ်အမျိုးမျိုး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ဖြည့်တင်းရေးအတွက် စနစ်အမျိုးမျိုး၊ လေ့ကျင့်ရေးစနစ်အမျိုးမျိုး ပြည့်စုံစွာ ရရှိပိုင်ဆိုင်ထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေကြောင်းစွမ်းအား ဟန်ချက်ညီ ဘက်စုံတိုးတက်ကောင်းမွန်စေရေး ၂၀၁၁ ခုနှစ်မှစပြီး အဓိကကျသည့် အရင်းအမြစ်အမျိုးမျိုးကို တွက်ချက်သုံးသပ် ဖြည့်တင်းပေးလျက်ရှိကြောင်း။

**စဉ်ဆက်မပြတ်စီစဉ်ဆောင်ရွက်**

လေကြောင်းစွမ်းအား ထက်မြက်ကောင်းမွန်နေရေးအတွက် ကိုင်တွယ်အသုံးပြုသူများမှ စွမ်းအားပြည့်အသုံးချပြီး ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန် အရည်အသွေး အရည်အချင်း ပြည့်ဝကောင်းမွန်သည့်လူ့စွမ်းအားအရင်းအမြစ်များ မဖြစ်မနေ လိုအပ်ကြောင်း၊ ကျွမ်းကျင်မှုရှိပြီး အထိရောက်ဆုံး အသုံးချနိုင်မည့် စစ်သည်တော်များ လေ့ကျင့်မွေးထုတ်ရေးအတွက် စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်သွားရန် အထူးမှာကြားလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးရာတွင် လေသူရဲများ၊ လေယာဉ်သားနှင့် ပညာရှင်များ၊ အုပ်ချုပ်မှုပိုင်း အထောက်အကူပေးရမည့်တာဝန်ရှိသူများစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအားလုံး အကျုံးဝင်ကြောင်း။

တပ်မတော်(လေ)တွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိ၊ စစ်သည်နှင့် အမှုထမ်းတိုင်းသည် နိုင်ငံ့အကျိုးလိုလားပြီး တိုင်းချစ် ပြည်ချစ်စိတ်ရှိသည့် တန်ဖိုးရှိ လူသားအရင်းအမြစ်များ ဖြစ်နေကြရန် လိုအပ်သည်ကိုလည်း ပြောကြားလိုကြောင်း၊ သို့မှသာ မည်သို့သော လုပ်ငန်းတာဝန်များကိုမဆို ရဲရဲဝံ့ဝံ့ဖြင့် ကျေကျေပွန်ပွန် ထမ်းဆောင်လိုစိတ် ပြင်းပြနေကြမည်ဖြစ်ကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့် ယုံကြည်ချက် ခံယူချက် မွန်မြတ်ကောင်းမွန်စေရေး နိုင်ငံတော်နှင့် တပ်မတော်ဆိုင်ရာ သမိုင်းကြောင်းများကို သိရှိလေ့လာကြရန်၊ စာပေဗဟုသုတ ရှာဖွေဆည်းပူးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်အထောက်အကူပြု**

တပ်မတော်(လေ) စတင်ဖွဲ့စည်းတည်ထောင်ခဲ့ချိန်မှစပြီး လက်ရှိကာလအထိ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ခဲ့မှုအပေါ် သုံးသပ်စိစစ်ကြည့်ပါက နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်မှုများ၊ ပြည်ပကျူးကျော်မှု တွန်းလှန်ချေမှုန်းရေးစစ်ဆင်မှုများတွင် စွမ်းစွမ်းတမံအထောက်အကူပြုတိုက်ပွဲဝင်နိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင်လည်း နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်အထောက်အကူပြုနိုင်ခဲ့ကြောင်း။

**လက်ဆင့်ကမ်းကောင်းမွေပေးအပ်**

တပ်မတော်(လေ) ၏ တိုးတက်အောင်မြင်မှုအရှိန်အဟုန်များကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပြီး နိုင်ငံတော်နှင့်တပ်မတော်က ပေးအပ်သည့် တာဝန်အမျိုးမျိုးကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်၊ ရရှိပိုင်ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်နှင့် လက်နက်စနစ်များ၊ လေကြောင်းစွမ်းအားအရင်းအမြစ်များကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုယ်တွယ်အသုံးပြုပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော် (လေ) ဖြစ်ကြောင်း သက်သေပြကြရန်၊ ယနေ့အထိ တည်ဆောက်ထိန်းသိမ်းလာသည့် တပ်မတော်(လေ)၏ အစဉ်အလာကောင်းများကို လေးစားဂုဏ်ယူတန်ဖိုးထားပြီး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းကောင်းမွေပေးအပ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်များ တပ်တော်ဝင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းက လေယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ဂါရဝပြု ပေးအပ်သည်။ *စာမျက်နှာ ၄ သို့*

❍ **အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင် ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ထိရောက်အောင်မြင်စွာ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များကို အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝထက်မြက်နေအောင် အစဉ်တည်ဆောက်ထိန်းသိမ်းနေရမည်**

❍ **တပ်မတော်အင်အား တောင့်တင်းခိုင်မာပြီး စွမ်းရည်ပြည့်ဝနေမှသာ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ကြောင်းကို ခေတ်အဆက်ဆက် ဖြတ်ကျော်ကြုံတွေ့ခဲ့ရသည့် သမိုင်းအတွေ့အကြုံများက ထင်ထင်ရှားရှား သင်ခန်းစာပေးထောက်ပြလျက်ရှိ**

❖ **လေကြောင်းစွမ်းအားဆိုသည်မှာ လေယာဉ်၊ ရဟတ်ယာဉ်များ ရှိနေရုံဖြင့် မလုံလောက်သေးဘဲ အထောက်အကူပြုမည့် စနစ်အမျိုးမျိုး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ဖြည့်တင်းရေးအတွက် စနစ်အမျိုးမျိုး၊ လေ့ကျင့်ရေးစနစ်အမျိုးမျိုး ပြည့်စုံစွာ ရရှိပိုင်ဆိုင်ထားရန်လည်း လိုအပ်မည်**

❖ **ထို့ကြောင့် လေကြောင်းစွမ်းအား ဟန်ချက်ညီ ဘက်စုံတိုးတက်ကောင်းမွန်စေရေး ၂၀၁၁ ခုနှစ်မှစပြီး အဓိကကျသည့် အရင်းအမြစ်အမျိုးမျိုးကို တွက်ချက်သုံးသပ် ဖြည့်တင်းပေးလျက်ရှိ**

*စာမျက်နှာ ၃ မှ*

ဆက်လက်၍ လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းကို ဆောင်ရွက်ရာ ဦးစွာ အချိန်ကိုက်ပျံသန်းအလေးပြုခြင်း အစီအစဉ်အရ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် လေးစင်းတို့က အမျိုးအစားမတူညီသည့် Composite Formation အုပ်ဖွဲ့ဖြင့် လည်းကောင်း၊ အမျိုးအစား မတူညီသည့် ရဟတ်ယာဉ် ငါးစင်းတို့က Composite Formation အုပ်ဖွဲ့ဖြင့် လည်းကောင်း၊ ကင်းထောက် လေယာဉ်တစ်စင်းနှင့် အပေ့ါစားရဟတ်ယာဉ် နှစ်စင်း တို့က Composite Formation ဖြင့် လည်းကောင်း၊ အမောင်းသင်လေယာဉ် ငါးစင်းတို့က Kite Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ အလတ်စားသယ်ယူ ပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် တိုက်လေယာဉ် နှစ်စင်းတို့က Composite Formation ဖြင့်လည်း ကောင်း၊ တိုက်လေယာဉ် သုံးစင်းက Arrow Head Formation ဖြင့် အုပ်ဖွဲ့ပျံသန်းပြီး တိုက်လေယာဉ် တစ်စင်းက Barrel Roll Maneuver ဖြင့် သရုပ်ပြ ပျံသန်း၍ လည်းကောင်း၊ အလတ်စားသယ်ယူ ပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် ဘက်စုံသုံး တိုက်လေယာဉ် နှစ်စင်းတို့က Composite Formation ဖြင့် လည်းကောင်း၊ တိုက်လေယာဉ် သုံးစင်းတို့က Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ ဘက်စုံသုံးတိုက်လေယာဉ် သုံးစင်းတို့က Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ တိုက်လေယာဉ် သုံးစင်းတို့က ရှုရပ်၏ ရှေ့တည့်တည့် မှ ပျံသန်းဝင်ရောက်ကာ တပ်မတော် (လေ) အလံ ကိုယ်စားပြု အဝါရောင်၊ အဖြူရောင်နှင့် အပြာရောင် မီးခိုးများထုတ်လွှတ်ပြီး Cross Turn Maneuver ဖြင့် ပျံသန်း၍လည်းကောင်း၊ တိုက်လေယာဉ်တစ်စင်း နှင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစား ဂျက်တိုက်လေယာဉ် တစ်စင်းတို့က Composite Formation ဖြင့် ပျံသန်းပြီး မီးကျည်များ ပစ်လွှတ်၍ လည်းကောင်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် လေယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်း ပေးပြီး တပ်တော်ဝင်လေယာဉ်များအား လှည့်လည် ကြည့်ရှုကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင် သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။





တိုက်လေယာဉ်များ အုပ်ဖွဲ့ပုံစံများဖြင့် ပျံသန်းအလေးပြုကြစဉ်။

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register- CEIR)အကြောင်း ရှင်းလင်းဆွေးနွေးပွဲ တက်ရောက်

**မော်လမြိုင် မတ် ၁၂**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မွန် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် (Central Equipment Identity Register –CEIR) အကြောင်းနှင့်စပ်လျဉ်း၍ အခွန် ဆိုင်ရာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင် မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း က မြန်မာနိုင်ငံအတွင်း၌ အသုံးပြု ရန် ပြည်ပမှ တင်သွင်းလာသည့် မိုဘိုင်းဖုန်းများ၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချမည့် မိုဘိုင်း လက်ကိုင်ဖုန်းများနှင့် International Mobile Equipment Identity (IMEI Code) ပါ မိုဘိုင်း ကွန်ရက်သုံး ဆက်သွယ်ရေး ပစ္စည်းများကို တရားမဝင်တင်သွင်း မှုများမှ တားဆီးနိုင်ရန်နှင့် အခွန် အပြည့်အဝ ကောက်ခံရရှိရေး အတွက် သတင်းအချက်အလက် နှင့် ဆက်သွယ်ရေး နည်းပညာ အသုံးချဆောင်ရွက်မည့် ဗဟို မိုဘိုင်းစက်ပစ္စည်း သက်သေခံ မှတ်ပုံတင် (CEIR) စနစ်အကြောင်း နှင့်ပတ်သက်၍ အကျိုးကျေးဇူး များ၊ အကြောင်းအရာကိစ္စရပ်များ ကို သက်ဆိုင်ရာ ပြည်နယ်ဦးစီးမှူး များက ရှင်းလင်းဆွေးနွေးသွား မည်ဖြစ်ကြောင်း၊ မိုဘိုင်းလက်ကိုင် ဖုန်းသုံးစွဲသူများအနေဖြင့် စံချိန် စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော် သို့ ကျသင့်သော အခွန်အကောက် များ ပေးဆောင်ထားသည့် မိုဘိုင်း လက်ကိုင်ဖုန်းများကို ပြည်တွင်း တွင် စိတ်ချယုံကြည်စွာ အသုံးပြု နိုင်ရေးအတွက် ပြည်သူများ သိရှိ အောင် ရှင်းလင်းသွားမည်ဖြစ် သကဲ့သို့ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများကလည်း သိရှိစေ ရေး ရှင်းလင်းရခြင်းဖြစ်ကြောင်း၊ မရှင်းလင်းသည့် ကိစ္စရပ်များ ရှိပါကလည်း ရှင်းလင်းဆွေးနွေးပွဲ အပြီးတွင် ပြန်လည်မေးမြန်း ဆွေးနွေးမှုများ ဆောင်ရွက်နိုင် ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန် ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးက မိုဘိုင်းလက်ကိုင်ဖုန်း သုံးစွဲသူ ပြည်သူများ စံချိန်စံညွှန်းနှင့် ကိုက်ညီစစ်မှန်ပြီး နိုင်ငံတော် သို့ ကျသင့်အခွန်အကောက်များ ပေးဆောင်ထားသည့် မိုဘိုင်း လက်ကိုင်ဖုန်းများကို ပြည်တွင်း ၌ စိတ်ချယုံကြည်စွာ အသုံးပြု နိုင်ရန်အတွက် ဗဟိုမိုဘိုင်းစက် ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register –CEIR ) အကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေး သည်။

ယင်းနောက်တက်ရောက်လာ သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများ က ပြန်လည်ရှင်းလင်း ဖြေကြားပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက် ဆွေးနွေးတင်ပြကာ ပြည်နယ် ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြား ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

### သံအမတ်ကြီး ဦးအောင်မင်းဦး အား ဆိုမာလီယာဖက်ဒရယ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ၊ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အီသီ ယိုပီးယားနိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရ သော မြန်မာသံအမတ်ကြီး ဦးအောင်မင်းဦး အား ၎င်း၏ လက်ရှိ တာဝန်ဝတ္တရားများ အပြင် ဆိုမာလီယာဖက်ဒရယ် သမ္မတနိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရ သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ် ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက် ပြီးဖြစ်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/ ၂၀၂၆) ကျင်းပ

## MSME လုပ်ငန်းများ နိုင်ငံတကာဈေးကွက်သို့ ယခုထက် ပိုမိုချိတ်ဆက်ရောင်းချနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်



နေပြည်တော် မတ် ၁၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၆)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက video conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) မှတ်တမ်းကို အတည်ပြုခြင်း ဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင်နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီး၍ တတိယအကြိမ်လွှတ်တော်ခေါ်ယူထားပြီးဖြစ်ကြောင်း၊ လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့်အတူ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန်ထမ်းဆောင်နိုင်ရန် စနစ်တကျလွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာ့မျက်နှာစာသစ်ဖိုရမ်ကို မတ် ၁၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါဖိုရမ်ကို ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အမြင်ကျယ်ကျယ်ဖြင့်ရှုမြင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အတွေးအမြင်သစ်၊ အခင်းအကျင်းသစ်တို့ဖြင့် ကြိုတင်သိမြင်ပြီး နိုင်ငံအကျိုး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံရေးအသွင် ကူးပြောင်းမှုဖြစ်စဉ်များတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရသကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံအတွင်းသို့ တရားမဝင်အွန်လိုင်းလိမ်လည် လောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်သူများသည် တစ်ဖက်နိုင်ငံများမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် တရားမဝင် ဝင်ရောက်လာကြသည်များရှိကြောင်း၊ ထိုသို့ နယ်စပ်ဖြတ်ကျော်၍ တရားမဝင်ရောက်ရှိလာကြသူများကိုလည်း လမ်းကြောင်းတစ်လျှောက် စနစ်တကျစစ်ဆေး၍ ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်အလေးထား၍ ကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်မှ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတွင် **“စားရေရိက္ခာဖူလုံပိုလျှံရေး”** ကို နိုင်ငံတော်အကြီးအကဲက အမျိုးသားရေးရည်မှန်းချက်အဖြစ်ချမှတ်ထားပြီး စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများ (Agro-based Industrialization) ပေါ်ထွန်းလာရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် သီးထပ်စွမ်းအား ရာနှုန်းပြည့်ရရှိရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသန္တရ ကြက်၊ ဝက်၊ နွားများကို မိရိုးဖလာနည်းဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် ပမာဏတိုး၍ မွေးမြူသွားပါက ဒေသ၏စားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများကိုလည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေး ထွက်ကုန်များဖြင့် အသုံးပြုကြရမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ အရည်အသွေးမီထုတ်လုပ်ရရှိနိုင်ရန်နှင့် လုပ်ငန်းများကို ပိုမိုမြင့်မားစွာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSME လုပ်ငန်းများ နိုင်ငံတကာဈေးကွက်သို့ ယခုထက် ပိုမိုချိတ်ဆက်ရောင်းချနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာ၌ အောင်မြင်လျက်ရှိပြီး စီးပွားရေးတိုးတက်မှု ရာခိုင်နှုန်းများလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံ့စီးပွားရေးအပြင် ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ အခြေခံပညာအတန်းများအလိုက် တန်းစဉ်ကူးပြောင်းမှုများ စနစ်တကျရှိစေရေးနှင့် ကျောင်းများ ရာနှုန်းပြည့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှ လုပ်ငန်းခွင်အထောက်အကူပြု ပညာရေးစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများ၏ သင်ကြားရေးပိုင်းဆိုင်ရာ နည်းစနစ်များ (Teaching Method) ကိုလည်း ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းများအတွက် ပုဂ္ဂလိကပညာရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည့်အတွက် ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ကို တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်အကြီးအကဲမှ **“လူ့အသက်ထက်အရေးကြီးတာ ဘာမျှမရှိ”** ဆိုသည့် မူဝါဒကို ချမှတ်ပေးထားသည့်အတွက် ပြည်သူများ၏ မျှော်မှန်းသက်တမ်းများ မြင့်မားလာစေရန်နှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ခေတ်နှင့်အညီ ရောဂါရှာဖွေရေးနည်းစနစ်များ၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက် ကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**“နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ မြို့ရွာတိုင်းတွင် စိမ်းလန်းသော နယ်မြေ (Green Zone Area) များကို မဖြစ်မနေသတ်မှတ်ဖော်ဆောင်ခြင်း၊ သစ်တောများ ပြုန်းတီးမှု မရှိစေရေးအတွက် အလေးထားဆောင်ရွက်ခြင်းနှင့် မြေပေါ်မြေအောက် သယံဇာတများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဌာနအလိုက် လုပ်ငန်းစီမံကိန်းများ လျာထားဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး၊ အရည်အသွေး ပြည့်ဝစေရေး၊ အလေအလွင့်မရှိစေရေး၊ ပြည်သူလူထုအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေးနှင့် အမှန်တကယ်အကျိုးရှိပြီး ထိရောက်မှုရှိ၊ မရှိစသည့် အချက်များကိုလည်း အဓိကထား စစ်ဆေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးရလဒ်ကောင်းများရရှိစေမည့် အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည် ဖော်ကြရမည်ဖြစ်ကြောင်း။

ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်နေသည့် အရှေ့အလယ်ပိုင်း ပင်လယ်ကွေ့ပဋိပက္ခကြောင့် ကမ္ဘာ့လောင်စာဆီ အကျပ်အတည်းကာလကို ကျော်လွှားနိုင်ရန် စက်သုံးဆီ ချွေတာသုံးစွဲရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူသို့ အသိပေးကြေညာချက် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါထုတ်ပြန်ချက်နှင့်အညီ စည်းကမ်းတကျဖြစ်စေရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ကူညီကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း။

ယခင်နှစ် သင်္ကြန်ပွဲတော်ကို သဘာဝဘေးဒဏ်ကြောင့် သာမန်မျှသာ ဖြတ်သန်းခဲ့ကြရကြောင်း၊ ယခုနှစ်သင်္ကြန်ကို စည်စည်ကားကားဖြင့် ရိုးရာသင်္ကြန်ကျင်းပနိုင်ရေးအတွက် ရည်ရွယ်ထားရှိကြောင်း၊ ယခုအချိန်တွင် အခြေအနေအချိန်အခါနှင့် ကိုက်ညီသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေးစီစဉ်ဆောင်ရွက်နိုင်ပါကြောင်း။

ယခုအခါ နွေဦးရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ပြည်သူလူထုအတွင်း မီးလောင်မှုမဖြစ်ပွားစေရေးအတွက် သတိမူရေးနှင့် မီးဘေးကာကွယ်ရေး ပစ္စည်းများကို စက်ရုံလုပ်ငန်း၊ ရုံး၊ ဈေးအပြင် အိမ်ရာ ရပ်ကွက်များတွင်လည်း စနစ်တကျထားရှိ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စိမ့်ဝင်ပျံ့နှံ့စေရေးတို့အတွက် နိုင်ငံပိုင်ရုပ်သံမီဒီယာ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် လှုံ့ဆော်အသိပညာပေးရေး အစီအစဉ်များကိုလည်း သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများကအမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



### အမရပူရမြို့နယ်၌ (၈)တန်းသွားကောက်စိုက်စက်ဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေးတောင်သူနည်းပညာပေး သရုပ်ပြ

**အမရပူရ မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာ ကွင်းအမှတ်(၅၇၀ ခ) ရှင်းလင်းဆောင်၌ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် တောင်သူနည်းပညာပေးဟောပြောပွဲကို မတ် ၁၁ ရက်က ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်က တောင်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်သော မျိုး၊ မြေ၊ ရေ၊ နည်း နည်းပညာကို လိုက်နာဆောင်ရွက်ရန်နှင့် (၈) တန်းသွား ကောက်စိုက်စက်များနှင့် စိုက်ပျိုးခြင်းဖြင့် စပါးသီးနှံများ၏ ပန်းတိုင်အထွက်နှုန်း ရရှိမည့် နည်းပညာများကို ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ ခရိုင်/မြို့နယ်၊ စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး၊ စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ကုမ္ပဏီဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

# သွင်းကုန်များအပေါ်ကောက်ခံသည့် အခွန်အမျိုးအစားများ

**ဝတ်မှုန်**

**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် သွင်းကုန်လုပ်ငန်းသည် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ သွင်းကုန်လုပ်ငန်းမှတစ်ဆင့် အခွန်ငွေရရှိမှုသည်လည်း အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွင်းကုန်များအပေါ်၌ အကောက်ခွန် (Custom Duty)၊ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Service Tax)၊ တန်ဖိုးဖြည့်ခွန် (Value Added Tax) စသည်ဖြင့် အမျိုးမျိုးသော အခွန်အမျိုးအစားများကို ကောက်ခံလေ့ရှိကြပါသည်။**

မြန်မာနိုင်ငံတွင်လည်း သွင်းကုန်များအပေါ် သာမန်အားဖြင့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ကြိုတင်ဝင်ငွေခွန်တို့ကို ကောက်ခံလျက်ရှိပြီး တင်သွင်းသည့် ကုန်စည်သည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အထူးကုန်စည်အဖြစ် သတ်မှတ်ထားသည့် ကုန်စည်ဖြစ်ပါက ရှေ့တွင် ဖော်ပြခဲ့သည့်အခွန်များအပြင် အထူးကုန်စည်ခွန်ကိုပါ ကောက်ခံပါသည်။ သွင်းကုန်အပေါ်ကောက်ခံသည့် အခွန်အမျိုးအစားအားလုံးကို အကောက်ခွန်ဦးစီးဌာနက တင်သွင်းလာချိန်တွင် တာဝန်ယူကောက်ခံရခြင်းဖြစ်ပြီး ထိုသို့ကောက်ခံရခြင်းမှာလည်း သက်ဆိုင်ရာ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ သွင်းကုန်အပေါ်ကောက်ခံသည့် အခွန်အမျိုးအစားတစ်ခုချင်းအလိုက် မည်သည့်ပြဋ္ဌာန်းချက်များအရ အကောက်ခွန်ဦးစီးဌာနက တာဝန်ယူကောက်ခံရသည်ကို ရှင်းလင်းတင်ပြလိုပါသည်။

**“၂၀၁၆ ခုနှစ်၊ အထူးကုန်စည်ခွန်ဥပဒေအရ ကောက်ခံသည့်အခွန်ဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံရသည့် အခွန်အမျိုးအစား ဖြစ်သော်လည်း အထူးကုန်စည်ကို ပြည်ပမှတင်သွင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယင်းဥပဒေ၏ ပုဒ်မ ၅ ပုဒ်မခွဲ (က)တွင် တင်သွင်းသူက ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့်အတူ ကောက်ခံပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် သွင်းကုန် (အထူးကုန်စည်)များအပေါ် ကျသင့်အထူးကုန်စည်ခွန်ကို အကောက်ခွန်ဦးစီးဌာနက ကောက်ခံရခြင်းဖြစ်”**

## အကောက်ခွန်

အကောက်ခွန်ဆိုသည်မှာ မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ပေးဆောင်ရမည့်အခွန်ဖြစ်ကြောင်း ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အကောက်ခွန်စည်းကြပ်ကောက်ခံခြင်းကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့် ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အကောက်ခွန်ဦးစီးဌာနက ဆောင်ရွက်ရပါသည်။

## ကုန်သွယ်လုပ်ငန်းခွန်

၁၉၉၀ ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကောက်ခံသည့်အခွန်ဖြစ်ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာနက တာဝန်ယူကောက်ခံရသည့် အခွန်အမျိုးအစားဖြစ်ပါသည်။ သို့ရာတွင် ယင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (င) ၌ ပြဋ္ဌာန်းထားသည့် **ပြည်ပမှ ပစ္စည်းတင်သွင်းသူက ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်နှင့်တစ်ပါတည်း အကောက်ခွန်ဦးစီးဌာနက ကောက်ခံပေးရမည်**ဟူသည့်ပြဋ္ဌာန်းချက်အရ သွင်းကုန်များအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို အကောက်ခွန်ဦးစီးဌာနက ကောက်ခံရခြင်းဖြစ်ပါသည်။

## အထူးကုန်စည်ခွန်

၂၀၁၆ ခုနှစ်၊ အထူးကုန်စည်ခွန်ဥပဒေအရ ကောက်ခံသည့်အခွန်ဖြစ်ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာနက တာဝန်ယူကောက်ခံရသည့် အခွန်အမျိုးအစားဖြစ်သော်လည်း အထူးကုန်စည်ကို ပြည်ပမှတင်သွင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယင်းဥပဒေ၏ ပုဒ်မ ၅ ပုဒ်မခွဲ (က) တွင် **တင်သွင်းသူက ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့်အတူ ကောက်ခံပေးရမည်**ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် သွင်းကုန် (အထူးကုန်စည်)များအပေါ် ကျသင့်အထူးကုန်စည်ခွန်ကို အကောက်ခွန်ဦးစီးဌာနက ကောက်ခံရခြင်းဖြစ်ပါသည်။

## ဝင်ငွေခွန်

၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေအရ ကောက်ခံသည့်အခွန်ဖြစ်ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာနက တာဝန်ယူကောက်ခံရသည့် အခွန်အမျိုးအစားဖြစ်ပါသည်။ သို့ရာတွင် အဆိုပါဥပဒေပုဒ်မ ၁၆- ခ အရ ထုတ်ပြန်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၉ အရ သွင်းကုန်အပေါ် အကောက်ခွန်စည်းကြပ်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းကို ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်အဖြစ် အကောက်ခွန်ဦးစီးဌာနက ကောက်ခံရခြင်းဖြစ်ပါသည်။

## အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရမည့် ကုန်စည်/ အထူးကုန်စည်များ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ထိရောက်စွာ အခွန်ကောက်ခံနိုင်ရေးအတွက် အချို့သောကုန်စည်/ အထူးကုန်စည်များအပေါ် **အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရမည့် ကုန်စည်/ အထူးကုန်စည်များ**အဖြစ် သတ်မှတ်ကာ အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေလျက်ရှိပါသည်။ လက်ရှိကာလတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချနေသည့် ကုန်စည်တစ်မျိုးနှင့် အထူးကုန်စည်လေးမျိုးရှိပြီး အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| | | |
|---|---|---|
| (က) | လက်ကိုင်ဖုန်း (Mobile Handset) | ကုန်စည် |
| (ခ) | စီးကရက်အမျိုးမျိုး | အထူးကုန်စည် |
| (ဂ) | အရက်အမျိုးမျိုး | အထူးကုန်စည် |
| (ဃ) | ဝိုင်အမျိုးမျိုး | အထူးကုန်စည် |
| (င) | ဆေးပေါ့လိပ် | အထူးကုန်စည် |

အထက်ပါကုန်စည်များအား တင်သွင်းသူများအနေဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်အပေါ် ကျသင့်အခွန်များပေးသွင်းပြီးနောက် မိမိတင်သွင်းလာသည့် ကုန်စည်/ အထူးကုန်စည်များအပေါ် သတ်မှတ်ချက်နှင့်အညီ အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရမည် ဖြစ်ပါသည်။ ထိုသို့ အခွန်အမှတ်တံဆိပ်များကပ်နှိပ်ပြီးမှသာ ကုန်စည်ကို ထုတ်ယူရပါသည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်နှင့်အတူ တစ်ပါတည်းကောက်ခံရရှိထားသော ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကြိုတင်ဝင်ငွေခွန်များကို စာရင်းပြုစု၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ ငွေစာရင်းအကောင့်သို့ သုံးလတစ်ကြိမ် လွှဲပြောင်းပေးလျက်ရှိပါသည်။

ဆောင်းပါးရှင်အနေဖြင့် မြန်မာနိုင်ငံ၌ သွင်းကုန်အပေါ် မည်သည့်အခွန်အမျိုးအစားများကို မည်သည့်ဥပဒေပြဋ္ဌာန်းချက်များအရ ကောက်ခံရသည်ကို သိရှိနိုင်ရန်ရည်ရွယ်၍ ယခုဆောင်းပါးတွင် သွင်းကုန်များအပေါ် ကောက်ခံနေသည့်အခွန်အမျိုးအစားများ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အခွန်ဥပဒေများ၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသည့် ကုန်စည်/ အထူးကုန်စည်များ တင်သွင်းခဲ့ပါက ဆောင်ရွက်ရမည့်အချက်များကို အကျဉ်းမျှသာ ဖော်ပြထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၂**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၅၇၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ ရန်အောင်မြေဘုမ္မောကျောင်းတိုက်အတွင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။




ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး၃၀ တို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။**(အပေါ်ပုံ)**

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရန်အောင်မြေဘုမ္မောကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတွင်း ဒစ်ဂျစ်တယ်နည်းပညာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်



**နေပြည်တော် မတ် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် ဆောင်ရွက်သည့် "ဒေသတွင်း ဒီဂျစ်တယ်နည်းပညာ နှီးနှောဖလှယ်ပွဲ" ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ကမ္ဘာကြီးတွင် ဒစ်ဂျစ်တယ်နည်းပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍကပါဝင်နေသည်ကို တွေ့ရှိရပါကြောင်း၊ အဓိကအားဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအောင်မြင်အောင်ဆောင်ရွက်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာက မရှိမဖြစ်လိုအပ်ပါကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ရှင်သန်ကြီးထွားလာစေရန်နှင့် အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်စေရန်အတွက် "စိုက်ပျိုးရေးအခြေခံ အသေးစားကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ပေးခြင်း စီမံကိန်း"၊ "MSMEs လုပ်ငန်းများမြှင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ် နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်း စီမံကိန်း" တို့ကို စီမံကိန်းကာလနှစ်နှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် "ဒေသတွင်းဒစ်ဂျစ်တယ်နည်းပညာနှီးနှောဖလှယ်ပွဲ" သည် အသေးစားနှင့် အငယ်စား စက်မှုလုပ်ငန်းများကို ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှု မြှင့်တင်ခြင်းစီမံကိန်းအရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်း၏ အဓိကလုပ်ငန်းစဉ်များတွင် အသေးစားစက်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ လုပ်ငန်းမှတ်ပုံတင်နိုင်ရန်အတွက် အွန်လိုင်းမှတ်ပုံတင်ပလက်ဖောင်း တစ်ခုတည်ထောင်ခြင်းနှင့် အသေးစားစက်မှုထုတ်ကုန်များအတွက် ဒစ်ဂျစ်တယ်ဈေးကွက် (e-commerce) ပလက်ဖောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများပါဝင်ပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာသည် စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည့် ပညာရပ်တစ်ခုဖြစ်ပြီး မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ အလားတူ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသေးစားကုန်ထုတ်လုပ်ငန်းရှင်များကလည်း ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန်နှင့် ယခုနည်းပညာနှီးနှောဖလှယ်ပွဲမှ ရရှိလာသော အသိပညာဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်နယ်ပယ်၌ ပြန်လည်အသုံးပြုသွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု Video Clip ကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ UMFCCI မှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံမှပညာရှင်များက MSME လုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် အဓိကဆောင်ရွက်နေမှုများ၊ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် လက်တွေ့အောင်မြင်နေသည့် လုပ်ငန်းများအကြောင်းကို မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၂**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပခဲ့ရာ ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်း မပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနတို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အားဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင်ပေါင်း ၁၀၅ ခရိုင်၊ မြို့နယ်ပေါင်း ၂၆၆ မြို့နယ်၊ စာစစ်ဌာနပေါင်း ၈၈၇ ဌာနတို့၌ ကျောင်းသား ၁၁၂၁၉၁ ဦး၊ ကျောင်းသူ ၁၅၆၅၆၂ ဦး စုစုပေါင်း ၂၆၈၇၅၃ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၀၄၀၅၁ ဦး၊ ကျောင်းသူ ၁၅၀၈၉၅ ဦး စုစုပေါင်း ၂၅၄၉၄၆ ဦးဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၄ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အားဖြေဆိုရန် စာရင်းသွင်း အရေအတွက်မှာ ခရိုင်ပေါင်း ၄၁ ခရိုင်၊ မြို့နယ်ပေါင်း ၅၀ မြို့နယ်၊ စာစစ်ဌာနပေါင်း ၅၃ ဌာနတို့၌ ကျောင်းသား ၂၀၀၅ ဦး၊ ကျောင်းသူ ၁၃၈၁ ဦး စုစုပေါင်း ၃၃၈၆ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၉၉၂ ဦး၊ ကျောင်းသူ ၁၃၇၂ ဦး စုစုပေါင်း ၃၃၆၄ ဦးဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။



၂၀၂၅-၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှု။

ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။





အဆိုပါ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုခဲ့ပြီး မတ် ၁၂ ရက် ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုလျက်ရှိကြောင်းနှင့် မတ် ၁၃ ရက် သောကြာနေ့တွင် သင်္ချာဘာသာရပ်၊ မတ် ၁၄ ရက် စနေနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်၊ မတ် ၁၆ ရက် တနင်္လာနေ့တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်၊ မတ် ၁၇ ရက် အင်္ဂါနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြရမည်ဖြစ်ပြီး မတ် ၁၅ ရက် တနင်္ဂနွေနေ့အား ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရှိရသည်။

အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်ဖြေဆိုလျက်ရှိပြီး မတ် ၁၈ ရက်အထိ ဆက်လက်ဖြေဆိုကြမည်ဖြစ်ကာ မတ် ၁၅ ရက် တနင်္ဂနွေနေ့အား ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သတင်းရရှိသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူတို့၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်-

၁။ ၂၀၂၆ တက္ကသိုလ်ဝင်စာမေးပွဲမှာ ကြီးကြပ်ရေးမှူး တာဝန်အဖြစ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ စမ်းချောင်းမှာ လာပြီးတော့ တာဝန်ထမ်းဆောင်နေပါတယ်။ စာဖြေသူပေါင်း ၃၅၀ ရှိပါတယ်။ ဇီဝဗေဒအတွဲမှာတော့ ၂၄၁ ယောက်ရှိပါတယ်။ ဘောဂဗေဒအတွဲမှာတော့ ၉၈ ယောက်ရှိပါတယ်။ ပထဝီ၊ သမိုင်း၊ ဘောဂကတော့ ၁၁ ယောက်ရှိပါတယ်၊ အားလုံးစုစုပေါင်း စာဖြေသူ ၃၅၀ ရှိပါတယ်။ အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနိုင်ရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း ကျွန်မတို့ ပြုလုပ်ထားပါတယ်။ အားလုံးဖြေနိုင်ပါစေ၊ ဂုဏ်ထူးတွေလည်း အများကြီးရပါစေလို့ ဆုတောင်းပေးပါတယ်။

၂။ ကြိုးစားတာကတော့ တစ်နေ့စာတစ်နေ့ကို ပုံမှန်လုပ်ပြီး စာမေးပွဲဖြေဆိုခါနီး ကျောင်းပိတ်ရက်တွေမှာပြန်နွှေးပြီးတော့ ပုံမှန်လေးတော့ ကျက်ဖြစ်ပါတယ်။ ဒီဘာသာက ညီမတို့အတွက် နည်းနည်းစိမ်းတဲ့အတွက် ဆရာမတွေသင်ပြတဲ့အချိန်မှာ သေချာလိုက်မှတ်တယ်။ ပြီးတော့လေ့လာတယ် အများအားဖြင့်တော့ ဖတ်တာတွေ၊ ပြင်ပဗဟုသုတတွေ ကြည့်ပြီးတော့ အားထုတ်ပါတယ်။ ကျွန်မတို့နိုင်ငံကလည်း စိုက်ပျိုးရေး အဓိကထားတယ် ဆိုတော့ အဲဒါကြောင့် ပိုပြီးတော့ ဒီထက်တိုးတက်အောင် လုပ်ချင်တဲ့အတွက်ကြောင့် စိုက်ပျိုးရေးကို ယူတယ်။ အသစ်သစ်တွေကို လေ့လာတယ်။

**သတင်းစဉ်**



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ဒုတိယနေ့ ဆက်လက်ကျင်းပ

## တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၅၄၉၄၆ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

**နေပြည်တော် မတ် ၁၂**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာနစုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၅၄၉၄၆ ဦး၊ ပျက်ကွက် ၁၃၈၀၇ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၈၆ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲ ဒုတိယနေ့တွင် စက်မှုကျောင်းသား ကျောင်းသူများက အင်္ဂလိပ်စာဘာသာရပ်၊ စိုက်ပျိုးရေးကျောင်းသား ကျောင်းသူများက သီးနှံထုတ်လုပ်ရေး(၁) ဘာသာရပ်၊ မွေးမြူရေးကျောင်းသား ကျောင်းသူများက ကြက် မွေးမြူထုတ်လုပ်ရေး ဘာသာရပ်တို့ကို ဖြေဆိုကြပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိကာ ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-အင်္ဂလိပ်စာ

နေ့စွဲ-၁၂.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၄၀ | ၇၃၉၂ | ၁၁၆၃၂ | ၃၀၃ | ၂၄၅ | ၅၄၈ | ၉၅.၅၀% | ၄.၅၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၇၁ | ၃၆၅၈ | ၁၀၄ | ၇၈ | ၁၈၂ | ၉၅.၂၆% | ၄.၇၄% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၉ | ၅၂၃ | ၈၄၂ | ၃၀ | ၄၃ | ၇၃ | ၉၂.၀၂% | ၇.၉၈% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၀၆ | ၇၇၀၅ | ၁၂၅၁၁ | ၄၀၄ | ၃၆၈ | ၇၇၂ | ၉၄.၁၉% | ၅.၈၁% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၄၁ | ၈၉၈၁ | ၁၄၆၂၂ | ၄၅၄ | ၃၄၉ | ၈၀၃ | ၉၄.၇၉% | ၅.၂၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၆၀ | ၆၉၉၉ | ၁၁၈၅၉ | ၄၈၈ | ၂၉၄ | ၇၈၂ | ၉၃.၈၁% | ၆.၁၉% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၅ | ၁၂၈၆၃ | ၂၁၂၀၈ | ၅၃၈ | ၃၃၉ | ၈၇၇ | ၉၆.၀၃% | ၃.၉၇% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၃၁၅ | ၂၆၂၀၃ | ၄၅၅၁၈ | ၁၂၂၂ | ၈၀၉ | ၂၀၃၁ | ၉၅.၇၃% | ၄.၂၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၉ | ၁၀၅၃၈ | ၁၈၁ | ၂၁၅ | ၃၉၆ | ၉၆.၃၈% | ၃.၆၂% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၉၀ | ၉၀၁ | ၁၆၉၁ | ၆၆ | ၄၂ | ၁၀၈ | ၉၄.၀၀% | ၆.၀၀% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၅၇ | ၂၆၀၄၉ | ၄၆၈၀၆ | ၁၄၇၄ | ၉၇၆ | ၂၄၅၀ | ၉၅.၀၃% | ၄.၉၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၉ | ၈၄၈၈ | ၁၃၃၇၇ | ၂၆၆ | ၂၅၉ | ၅၂၅ | ၉၆.၂၂% | ၃.၇၈% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၉ | ၁၀၅၈ | ၁၆၈၇ | ၃၈ | ၅၅ | ၉၃ | ၉၄.၇၈% | ၅.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၄ | ၁၂၁၆ | ၁၉၇၀ | ၆၄ | ၄၅ | ၁၀၉ | ၉၄.၇၆% | ၅.၂၄% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၂၇ | ၂၀၉၀၇ | ၃၆၄၃၄ | ၁၈၅၀ | ၁၀၄၃ | ၂၈၉၃ | ၉၂.၆၄% | ၇.၃၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၁၀ | ၇၈၉၈ | ၁၄၁၀၈ | ၅၀၅ | ၃၀၁ | ၈၀၆ | ၉၄.၆၀% | ၅.၄၀% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၄၀၅၁ | ၁၅၀၈၉၅ | ၂၅၄၉၄၆ | ၈၁၄၀ | ၅၆၆၇ | ၁၃၈၀၇ | ၉၄.၈၆% | ၅.၁၄% | |

## ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်များအားလုံး

နေ့စွဲ - ၁၂.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၂၁ | ၃၃၉ | ၂၀၆ | ၁၂၁ | ၃၃၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ရွှေနတ်တောင်အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၊ ချောင်းဆုံမြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျိုက်မရောမြို့ အခြေခံပညာ အထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနများ၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ်ရှိ စာစစ်ဌာန စုစုပေါင်း ၃၀ တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၉၃၄ ဦး စာရင်းပေးသွင်းကြပြီး ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ၁၀၅၃၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။





မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မော်လမြိုင်တက္ကသိုလ်ရှိ သင်ကြားသင်ယူလျက်ရှိသော ဘာသာရပ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုသည့် သုတေသနလုပ်ငန်းများဆောင်ရွက်သွားရန်၊ အရည်အသွေးအာမခံမှုစနစ် (QA)ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ဆရာ ဆရာမများအနေဖြင့် AI ကို အကျိုးရှိစွာ အသုံးချနိုင်ရေး လေ့လာဆောင်ရွက်ရန်၊ Library-based learning, Project-based learning နှင့် Research-based learning တို့ကို အမှန်တကယ် ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ တက္ကသိုလ်သန့်ရှင်းသာယာလှပရေးအတွက် ဇုန်များခွဲ၍ ဇုန်အလိုက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်၊ ကျောင်းသားကျောင်းသူအိပ်ဆောင်များ၊ ဘာသာရပ်ဆိုင်ရာ ဌာနများနှင့် သုတေသနစင်တာကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံကာ ပညာရေးဒီဂရီကောလိပ်တချို့ကို ဆရာအတတ်ပညာတက္ကသိုလ်အဆင့် တိုးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ရာ ပညာကို ယခုကတည်းက ကြိုးပမ်းသင်ယူကြရန် လိုကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကြပြီး ချမှတ်ထားသည့် စည်းကမ်းများကို စနစ်တကျလိုက်နာကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်နှင့် ထားဝယ်ပညာရေးဒီဂရီကောလိပ်တို့မှ သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး၍ အခြေခံပညာဆရာ ဆရာမများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် အစိုးရနည်းပညာ အထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ သွားရောက်၍ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ သက်ဆိုင်ရာဘာသာရပ်အလိုက် စိတ်အေးချမ်းသာစွာ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများကို လိုက်လံကြည့်ရှုအားပေးပြီး လက်တွေ့ဖြေဆိုမည့် စာဖြေခန်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ အားလုံးပူးပေါင်း၍ စာမေးပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်သည်အထိ အလေးထား ဆောင်ရွက်ပေးကြရန်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းနှင့် စဉ့်ကိုင်မြို့နယ်(ဘယ်လင်း) အခြေခံပညာ အထက်တန်းကျောင်းများရှိစာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေး၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မိဘပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကျေးဇူးတင်စကား ပြောကြားကာ စာမေးပွဲကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် တာဝန်ရှိသူဆရာ ဆရာမများအား ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၃၀) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို





လိုက်လံကြည့်ရှု အားပေးကာ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား ထောက်ပံ့ငွေများပေးအပ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာ အထက်တန်းကျောင်းရှိ သိင်္ဂီဆောင်ခန်းမတွင် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်အခြေခံပညာ ဆရာ ဆရာမများအားတွေ့ဆုံ၍ အခြေခံပညာကဏ္ဍသည်အရေးကြီးပါကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ကောင်းမွန်စေရေး အလေးထားလိုက်နာကြရန် လိုပါကြောင်း၊ သတ်မှတ်ထားသည့် ဝတ်စားဆင်ယင်မှုစည်းကမ်းများ လိုက်နာကြရန်လိုအပ်ကြောင်း မှာကြားကာ ဆရာ ဆရာမများအတွက် ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် အသိပညာပေးခြင်းများ ဆောင်ရွက်




**ချောက် မတ် ၁၂**

၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်မြတ်မြတ်မိုးက စားသုံးသူအခွင့်အရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုများကို ဌာနဆိုင်ရာများပူးပေါင်းကာ မတ် ၁၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၂ နာရီတွင် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ၊ အသိပညာပေး (Talk Show) ပြုလုပ်ခြင်းများ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးမှုများဆောင်ရွက်ရာတွင် မတ် ၁၁ ရက်မှစ၍ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း အသိပညာပေး ဟောပြောခြင်း၊ စားသုံးသူ အသိပညာပေးလက်ကမ်းစာစောင်များကို လူစည်ကားသည့်နေရာများတွင် ဖြန့်ဝေပေးခြင်းနှင့် မြို့မဈေးရှိကုန်စုံဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများဆောင်ရွက်ခြင်း၊ အသိပညာပေး (Talk Show)ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ပြည်သူများစားသုံးသူအခွင့်အရေးများ သိရှိစေရန်နှင့် ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်သူများ သိရှိစေရန် အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြတ်မြတ်မိုး(DOCA Chauk)**

# ကယားပြည်နယ်ဝန်ကြီးချုပ် နေရပ်စွန့်ခွာဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားနှင့် ပညာရေးဒီဂရီကောလိပ် သင်တန်းဆင်းပွဲတက်ရောက်

**လွိုင်ကော် မတ် ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ကယားပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများအတွက် ၂၀၂၅ ခုနှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) သုံးလစာ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ဒေသနေပြည်သူများအတွက် ၂၀၂၅ ခုနှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ)သုံးလအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကာ နေရပ်စွန့်ခွာပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပဉ္စမအကြိမ်မြောက် လွှဲပြောင်းပေးအပ်သည့် ရန်ပုံငွေကျပ်သန်း ၉၆၂ ဒသမ ၅၂၀ ကို အိမ်ထောင်စု ၅၄၇၁ စု၊ လူဦးရေ ၁၆၀၄၂ ဦးထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန လွိုင်ကော်ပညာရေးဒီဂရီကောလိပ် သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးက လက်ခံရယူပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ပထမဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ရာ ဆုရကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၂**

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးဦးစီးဌာနတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း ၄၃ ကြိမ်တွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၆၁ ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့ကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့် အစိုးရဌာနများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးလျက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက ကိုယ်စီအတွေ့အကြုံများကို အချင်းချင်းဖလှယ်ရင်း ဆွေးနွေးပွဲမှ ရရှိလာသည့် အသိပညာဗဟုသုတ၊ အတွေ့အကြုံ၊ ကွန်ရက်ချိတ်ဆက်မှုများကို အနာဂတ်အတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးချသင့်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး မူးယစ်ဆေးဝါးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးအတွက် ဝန်ကြီးဌာနများက ဆောင်ရွက်နေသောလုပ်ငန်းများနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်သည့် နယ်ပယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများက ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ ပြောင်းလဲနေသော ခေတ်ကာလနှင့်အညီ ဝန်ကြီးဌာနများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို အုပ်စုလိုက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၁၂**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)၏ လစဉ်ပုံမှန်အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၆)ကို မတ် ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် အသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း ရဲချုပ်(ငြိမ်း)က ယနေ့အစည်းအဝေး၌ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျေးဇူးတင်ထိုက်သူကို ကျေးဇူးပြုခြင်း၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်း ဟူသည့် ၃၈ ဖြာ မင်္ဂလာတရားတော်နှင့်အညီ ကတညုတ ကတဝေဒီဆိုသည့်အတိုင်း ဂုဏ်ပြုထိုက်သူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် သုံးဦးကို ဂုဏ်ပြုမှတ်တမ်းတင်ရန် စီစဉ်ထားကြောင်း၊ ဂုဏ်ပြုရမည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ စာရင်းစစ် ဦးတင်ထွဋ်၊ ပြန်ကြားရေးတာဝန်ခံ ဒေါက်တာတင်အောင်ရွှေနှင့် ဗဟိုအလုပ်အမှုဆောင် လူမှုထူးချွန်တတိယအဆင့် ယာယီအတွင်းရေးမှူး ဦးသန်းဆင့်တို့ ဖြစ်ကြောင်း၊ ၎င်းတို့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (CCDAC)၏ညွှန်ကြားချက်များနှင့် အချိန်အကန့်အသတ်ဖြင့် တာဝန်ပေးညွှန်ကြားမှုများကို အချိန်နှင့်တစ်ပြေးညီ လစ်ဟင်းပျက်ကွက်မှုများမရှိစေဘဲ သက်ဆိုင်ရာရုံး/ဌာနများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းကြောင့် လုပ်ငန်းကိစ္စအဝဝ အောင်မြင် ပြီးမြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့ အခမ်းအနားတွင် ဂုဏ်ပြုချီးကျူး ချင်း ဂုဏ်ပြုမှတ်တမ်းလွှာများ တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း ခြင်းဖြစ်ကြောင်း ပြောကြားကာ သိရသည်။




**သတင်းစဉ်**

# “ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက်ဇာတ်လမ်းများ”မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၁၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များ အကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်စေရန် ရည်ရွယ်ချက်များနှင့် သဘင်ပညာရှင်များ၏ အနုပညာရသ စွမ်းရည်များ ဖော်ထုတ်ပြသမည့် “ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ” အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို အပတ်စဉ် စီစဉ်တင်ဆက်ပေးလျက်ရှိသည်။

“ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ” အစီအစဉ်တွင် “သမ္မောဒမာနဇာတ်တော်”ကို ဖော်ပြထားသည့် “အချင်းချင်း မသင့်တင့်သောကြောင့် ပျက်စီးသည်” အပိုင်း(၂)ကို နန်းတော်ရှေ့ဆရာတင်၏ မျိုးဆက်သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး နန်းဝင်း၊ ကိုကိုကျော်(ရွှေကြိုး)၊ ကြည်ဇေယျာရှင်(ရွှေကြိုး)၊ ရန်ရှင်းမောင်၊ ထက်မြက်အောင်၊ ပန်းကဗျာ၊ ပိုးပိုးအိမ်၊ တိုးတက်၊ တောက်တဲ့နှင့် ရွှေနန်းသဘင်အဖွဲ့သားများက ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို MRTV–HD Channel မှ မတ် ၁၄ ရက် စနေနေ့ ည ၉ နာရီတွင် လည်းကောင်း၊ MRTV Entertainment Channel မှ မတ် ၁၅ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင်လည်းကောင်း ထုတ်လွှင့်ပြသမည်ဖြစ်ပြီး မတ် ၁၈ ရက် ဗုဒ္ဓဟူးနေ့ ည ၉ နာရီတွင် MRTV – HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။



*❊ ကျောဖုံးမှ*

ထိန်းချုပ်နိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် မန္တလေး-မတ္တရာ - စဉ့်ကူး- သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းနှင့် မန္တလေး-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေး လမ်းကြောင်းများအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီး ဒေသတွင်း ကုန်စည်စီးဆင်း ကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ကာ ပညာရေး၊ ကျန်းမာရေး စသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုး တိုးတက်လာခဲ့သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ်များစွာ ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်လျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး ပြည်သူလူထု၏ လူမှုဘဝများ ပြန်လည်အဆင်ပြေချောမွေ့လာသည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုဖြင့် စိတ်အားထက်သန်စွာ အားပေးထောက်ခံလာခဲ့ကြပြီး အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များ အပေါ်ကိုလည်း ဝိုင်းဝန်းရှုတ်ချမှုများ ပြုလုပ်လာခဲ့ကြသည်။ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို မရရှိတော့သည့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုများအပေါ် စိတ်ပျက်နောင်တရမှုများကြောင့် နီးစပ်ရာ တပ်မတော်စစ်ကြောင်းများနှင့် ဆက်သွယ်၍ ဥပဒေဘောင်အတွင်းသို့ လက်နက် ခဲယမ်းများနှင့်အတူ ဝင်ရောက် လာခဲ့မှုများကိုလည်း တပ်မတော်အနေဖြင့် နွေးထွေးစွာ လက်ကမ်းကြိုဆိုလျက်ရှိသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်တကောင်းမြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်၍ သပိတ်ကျင်းမြို့နှင့်တကောင်းမြို့အကြားခိုအောင်း လှုပ်ရှားလျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများအား စစ်ကြောင်းများခွဲပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှစ၍ နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရေချမ်းစဉ်ကျေးရွာ ၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ရှားတောကျေးရွာ၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဗန္ဓဲ့ကျေးရွာ၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒေါင်းပုန်းကျေးရွာ၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရွှေကျွန်းပင်ကျေးရွာ၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပေါက်တပင်ကျေးရွာ၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် သီးကုန်းကျေးရွာ၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဝါးရုံကုန်းကျေးရွာ၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရွှေစကာကျေးရွာ၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် မြင်သာကျေးရွာနှင့် ကြာညှပ်ကျေးရွာ၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကိုးပင်ကျေးရွာနှင့် ပုတီးဖြူကျေးရွာ၊ မတ် ၂ ရက်တွင် မင်းကုန်းကျေးရွာ၊ မတ် ၄ ရက်တွင် ဆယ်ဇင်းကုန်းကျေးရွာ၊ မတ် ၅ ရက်တွင် လက်ပန့်ကုန်းကျေးရွာ၊ မတ် ၇ ရက်တွင် ရေယာဉ်ကျေးရွာ၊ မတ် ၈ ရက်တွင် ဝဲကြီးကျေးရွာနှင့် ပေါ်တော်မူကျေးရွာ၊ မတ် ၉ ရက်တွင် မန်ကျည်းကုန်းကျေးရွာနှင့် ဆင်ညှပ်ကုန်းကျေးရွာ၊ မတ် ၁၀ ရက်တွင် တကောင်းလမ်းဆုံနှင့် ညောင်လေးပင် ကျေးရွာများအား အသီးသီး ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး မတ် ၁၂ ရက် ယနေ့တွင် တကောင်းမြို့အား တပ်မတော်က အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် တကောင်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်သို့ ရောက်ရှိနေစဉ်အတွင်း တကောင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များတွင် သဲအိတ်များ၊ တာယာကွင်းများအား ဘန်ကာများပြုလုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ နေအိမ် အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ် တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း(Rules of Engagement-ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

တပ်မတော် စစ်ကြောင်းများက တကောင်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရင်ကို မြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁ လကျော်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် ၈၅ ကြိမ် ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၄၀၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းများနှင့် အကြမ်းဖက် လုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ မြို့/ရွာများရှိ အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် တကောင်းမြို့မှ နေရပ်စွန့်ခွာဒေသခံပြည်သူများ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးနှင့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းများရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ တကောင်းမြို့နှင့် အဆိုပါ ပတ်ဝန်းကျင်ဒေသ၏ လုံခြုံရေး၊ ဒေသခံပြည်သူလူထု လိုလား တောင့်တလျက်ရှိသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံ ခိုင်မာစေရေးအတွက် ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ပေးနိုင်ခဲ့သည့် ရှေ့တန်းရောက်တိုက်ပွဲဝင် တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ အလားတူ ရှေ့တန်းစစ်ဆင်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တိုက်ပွဲဝင်တပ်မတော်သားအတွက် အောင်နိုင်စိတ်၊ တိုက်ပွဲဝင်လိုစိတ် စသည့် စိတ်ဓာတ်ခွန်အားအပါအဝင် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို မဆုတ်မနစ်သော ယုံကြည်ချက်ဖြင့် ဖြည့်ဆည်း ပေးလျက်ရှိသော တပ်မတော်သားမိသားစုဝင် ပါရမီဖြည့်ဖက်များနှင့် တပ်မတော်ကို အားပေး ထောက်ခံခဲ့ကြသူအားလုံးကို လေးစားစွာ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းနှင့် တကောင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား တပ်မတော်က ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဆယ်ဇင်းကုန်းကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကိုးပင်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် အလောင်းနှင့် လက်နက်ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာများအတွင်း ယာယီခံစစ်စခန်းပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

# ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

### အခန်း (၈)

### စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငွေကြေးခဝါချမှုကို စုံစမ်းစစ်ဆေးရာတွင်-

(က) ငွေကြေးခဝါချမှုကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသူကို အရေးယူနိုင်ရေးအတွက် သက်သေအထောက်အထားများရရှိရန် လိုအပ်သော စုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံမှ လိုအပ်သောသတင်းအချက်အလက်များ ရယူနိုင်သည်။

(ဂ) အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းကို စုံစမ်းဖော်ထုတ်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊

(၂) သက်သေခံပစ္စည်းအား ချိပ်ပိတ်ခြင်း၊ အခြားနည်းလမ်းတစ်ခုခုဖြင့် စီမံခန့်ခွဲမှု သို့မဟုတ် ဆက်နွှယ်ပတ်သက်မှုမပြုလုပ်ရန် တားမြစ်ပိတ်ပင်ခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းထံမှ ငွေရေးကြေးရေးနှင့် စပ်ဆိုင်သောမှတ်တမ်းများကို တောင်းခံရယူခြင်း၊

(၄) နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်ရှိသည့် ပစ္စည်းများအား နိုင်ငံတော်ကထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ပြန်လည်ရယူခြင်းတို့ဆောင်ရွက်သည့်အခါတွင် ထိခိုက်ဟန့်တားမှုမဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်မှုများ ဆောင်ရွက်ခြင်း၊

(၅) ပြစ်မှုကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်းရှိသူအား ဖမ်းဆီးခြင်း၊

(၆) စုံစမ်းစစ်ဆေးရေးဆောင်ရွက်ချက်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) ပုဒ်မခွဲ (ဂ)အရ သိမ်းဆည်းခဲ့သည့် ငွေကြေး သို့မဟုတ် ပစ္စည်းများကို သတ်မှတ်ထားသည့် အဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်ရမည့်အပြင် ပျက်စီးဆုံးရှုံးနိုင်ဖွယ်ရှိသည့် ပစ္စည်းများကို စုံစမ်းစစ်ဆေးမှုကာလအတွင်း တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

(င) သဘောရိုးဖြင့်ဆောင်ရွက်သည့် တတိယပုဂ္ဂိုလ်နှင့် အခြားကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများ၏ အခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်းမရှိစေရန် ကျင့်သုံးဆောင်ရွက်ရမည်။

၂၃။ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများနှင့် ငွေကြေးခဝါချမှုအား စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် အောက်ပါငွေကြေးနှင့် ပစ္စည်းများကို စစ်ဆေးဖော်ထုတ်ရမည်-

(က) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ ကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များ၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် အသုံးပြုပစ္စည်းများ၊

(ဂ) အဆိုပါငွေကြေး၊ ပစ္စည်း သို့မဟုတ် မူခင်းအကျိုးအမြတ်များကိုဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေသည့် သက်သေခံအထောက်အထားများ၊

(ဃ) ခဝါချထားသည့် ငွေကြေးများနှင့် ပစ္စည်းများ၊

(င) ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများအား စုံစမ်းဖော်ထုတ်ပြီးချိန်တွင် ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းမပြုနိုင်ပါက တန်ဖိုးတူပစ္စည်းများ။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငွေကြေးခဝါချမှုကို စုံစမ်းစစ်ဆေးရာတွင် အောက်ပါကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ရယူဆောင်ရွက်နိုင်သည်-

(က) ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့် ဆာဗာများအား ဝင်ရောက်ကြည့်ရှုခြင်း၊

(ခ) တယ်လီဖုန်းလိုင်းများ၊ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ်ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေး အထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင် ထားရှိခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်နားထောင်ခွင့်၊ ဖမ်းယူခွင့်၊ ဖြတ်တောက်ခွင့်၊ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်သလို အသုံးပြုခွင့် ကျင့်သုံးခြင်း၊

(ဂ) လှူပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန်ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခြင်း၊

(ဃ) အသွင်ယူစုံစမ်းစစ်ဆေးခြင်း၊

(င) ထိန်းချုပ်ဖော်ထုတ်ခြင်း။

### အခန်း (၉)

### ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်

၂၅။ သတင်းပို့အဖွဲ့အစည်းသည် မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိသည့် အမည် သို့မဟုတ် အက္ခရာများကို အသုံးပြုခြင်း၊ ခွဲခြားသိရှိနိုင်ခြင်းမရှိသည့် သို့မဟုတ် ဖန်တီးထားသည့် အမည်သို့မဟုတ် မမှန်ကန်သည့်အမည်ကို အသုံးပြုထားသည့် ငွေစာရင်းများကို ဖွင့်လှစ်ပေးခြင်း၊ လက်ခံခြင်း သို့မဟုတ် ထိန်းသိမ်းဆောင်ရွက်ပေးခြင်းမပြုရ။

၂၆။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်။ အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့် မည်သည့်သက်သေခံအထောက်အထားနှင့် သတင်းအချက်အလက်များကိုမဆို စာဖြင့်ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက အသုံးပြုနိုင်ရေး အသင့်ရှိရမည်။

၂၇။ သတင်းပို့အဖွဲ့အစည်းသည်-

(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် ငွေစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများနှင့် ပတ်သက်၍ ဤဥပဒေအရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ပထဝီအနေအထား၊ ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ် အခြေပြု၍ သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်ရမည်။ ပုဒ်မ ၇(စ)အရ ပေးပို့၍ရရှိသော သတင်းအချက်အလက်များရရှိပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(၁) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသောဆောင်ရွက်မှုများသည် ပုံမှန် ဟုတ် မဟုတ်ကိုလည်းကောင်း၊ သံသယဖြစ်ဖွယ် ရှိ မရှိကိုလည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ် အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်မှုကို ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်း၊ ငွေကြေးခဝါချမှုအန္တရာယ်အဆင့် အလယ်အလတ်ဖြစ်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ အလေးထားစိစစ်မှုကို စံနှုန်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(၃) ပုဒ်မခွဲငယ်(၂)အရ ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ အန္တရာယ်အဆင့်မြင့်မားသည့် ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှရပ်စဲခြင်း၊

(၄) ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force- FATF) မှ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားခြင်းနှင့် အခြားစောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများ (High-risk and other monitored jurisdictions) စာရင်းတွင်ပါရှိသည့် နိုင်ငံနှင့် ဒေသများမှ ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုများ ပြုလုပ်သည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့မှ တိုးမြှင့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်း ပြုလုပ်ပါက ဆုံးရှုံးနိုင်ခြေအန္တရာယ်နှင့်အညီ အချိုးညီထိရောက်သည့် ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(၅) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ခြင်းနှင့် ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ရေးအာဏာပိုင်က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအချိန်အခါနှင့် အခြေအနေများတွင် ဆောင်ရွက်ရမည်-

(၁) ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် မပြုလုပ်ပေးမီ သို့မဟုတ် ငွေစာရင်းတစ်ခုဖွင့်လှစ်ပေးခြင်းမပြုမီ သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ရပ် မထူထောင်မီ၊

(၂) သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးနှင့်ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ၊ ဆက်နွှယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ သတင်းပို့ရန်သတ်မှတ်သည့် တန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ပိုသော တန်ဖိုးပမာဏဖြစ်သည့်အခါ အဆိုပါဆက်သွယ်ဆောင်ရွက်သူအတွက် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၃) ပြည်တွင်းနှင့် နိုင်ငံတကာငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဆက်သွယ်ဆောင်ရွက်သူအတွက် ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၄) ယခင်ရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိလျှင်၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည်ဟု သံသယရှိလျှင်။

(ဂ) ပုဒ်မခွဲ(ခ)တွင် ရည်ညွှန်းထားသည့် ဆက်နွှယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့်အချိန်တွင် သတ်မှတ်တန်ဖိုးပမာဏ သို့မဟုတ် သတ်မှတ်တန်ဖိုးပမာဏထက် ကျော်လွန်ကြောင်းကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါပမာဏကို သိရှိလျှင်သိရှိချင်း သို့မဟုတ် အဆိုပါတန်ဖိုးပမာဏသည် သတ်မှတ်ပမာဏသို့ရောက်ရှိလျှင် ရောက်ရှိချင်း ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ(က)အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) လွတ်လပ်၍ ယုံကြည်အားထားရသော ဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်သူအား စိစစ်အတည်ပြုခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ သက်သေခံအထောက်အထားကို အတည်ပြုခြင်း၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းအနေဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်၍ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး စိစစ်အတည်ပြုနိုင်မည့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ကိုအတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါအကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ သက်သေခံအထောက်အထားကို စိစစ်ရန်အလို့ငှာ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်ခြင်း၊

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

(၄) ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအတွက် ဆက်သွယ်ဆောင်ရွက်သူကိုယ်စား ဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ် မဟုတ် စိစစ်ခြင်းနှင့် ယင်း၏မှတ်ပုံတင်ကို မှန်ကန်ကြောင်းအတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု၏ တရားဝင်တည်ရှိမှုအခြေအနေအား စိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏ အမည်၊ တရားဝင် ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များ(Conditions) သတ်မှတ်ခြင်း။

( င ) ပုဒ်မခွဲ(ဃ)ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁)၊ (၂)နှင့် (၃)တို့အရ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြု၍ ယင်းအခြေအနေကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

( စ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များအား ထိရောက်စွာ စီမံခန့်ခွဲပြီးကြောင်း သက်သေထင်ရှားပြသနိုင်ပြီး ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ သက်သေခံအထောက်အထားများအား စိစစ်ခြင်းကြောင့်ဖြစ်ပေါ်သည့် နှောင့်နှေးမှုသည် ပုံမှန်စီးပွားဆက်ဆံမှုကို အဆက်ပြတ်စေသည့် အဓိကအကြောင်းအရင်းဖြစ်ပါက အဆိုပါပုံမှန်စီးပွားဆက်ဆံဆောင်ရွက်မှု ပြီးလျှင်ပြီးချင်း စိစစ်မှုကို ဆောလျင်စွာ ပြီးစီးအောင်ဆောင်ရွက်ရမည်။

၂၈။ သတင်းပို့အဖွဲ့အစည်းသည် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုချင်းအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ ထို့ပြင် လွှဲပြောင်းဆောင်ရွက်မှုများသည် ဆက်သွယ်ဆောင်ရွက်သူအပေါ် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်း၏ သိရှိနားလည်မှု၊ ၎င်း၏စီးပွားရေးလုပ်ငန်းနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်အတန်းနှင့် ကိုက်ညီမှု ရှိ မရှိအား သေချာစွာစိစစ်ရမည်။ လိုအပ်ပါက ၎င်းတို့၏ ငွေကြေးအရင်းအမြစ်ကိုလည်း စိစစ်ရမည်။

၂၉။ သတင်းပို့အဖွဲ့အစည်းသည်–

(က) အောက်ပါဆောင်ရွက်ချက်များကို တစ်ခုချင်းအလိုက် အထူးအလေးထားစောင့်ကြည့်စစ်ဆေးရမည်–

(၁) စီးပွားရေးလုပ်ငန်းအရင်းခံ ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်း ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော တန်ဖိုးပမာဏများပြားသည့် လွှဲပြောင်းဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သောပုံစံဖြင့် လွှဲပြောင်းသည့် ဆောင်ရွက်မှုများအားလုံး၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုအားလုံး။

( ခ ) ပုဒ်မခွဲ(က)ပါ ဆောင်ရွက်မှုအားလုံး၏ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

( ဂ ) ပုဒ်မခွဲ(က)အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်သိရှိရပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

၃၀။ သတင်းပို့အဖွဲ့အစည်းသည် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးအား ပြည်တွင်းတွင် သြဇာတိက္ကမရှိသူများ သို့မဟုတ် ပြည်ပတွင် သြဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် သြဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့်စီမံခန့်ခွဲမှုစနစ်ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ပြည်ပတွင် သြဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍–

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကိုဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

( ခ ) ပြည်တွင်းတွင် သြဇာတိက္ကမရှိသူများ၊ အပြည်ပြည်ဆိုင်ရာတွင် သြဇာတိက္ကမရှိသူများနှင့် စပ်လျဉ်း၍ အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ(က)ပါအရေးယူဆောင်ရွက်မှုများကို ကျင့်သုံးခြင်း၊

( ဂ ) အသက်အာမခံပေါ်လစီများနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ (Beneficiaries)နှင့် လိုအပ်ပါကအာမခံထားသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်(Beneficial Owner) တို့သည် သြဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်သည့် ဆောင်ရွက်မှုများကို အနိမ့်ဆုံးအနေဖြင့် ငွေထုတ်ပေးချိန်တွင် ဆောင်ရွက်ရမည်။ အကယ်၍ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်မြင့်မားကြောင်း တွေ့ရှိရပါက–

(၁) အသက်အာမခံအကျိုးအမြတ်များကို ထုတ်ပေးခြင်းမပြုမီ အကြီးတန်းစီမံခန့်ခွဲသူထံ သတင်းပို့ရမည်။

(၂) အသက်အာမခံပေါ်လစီအား ပိုင်ဆိုင်သူနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုလုံးအပေါ် အလေးထားစိစစ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်။

(၃) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သံသယဖြစ်ဖွယ်သတင်းပို့ချက်ပေးပို့ရမည်။

၃၁။ သတင်းပို့အဖွဲ့အစည်းသည် အောက်ပါသတင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့် အရေးပါသည့်သတင်းအချက်အလက်များကို ပေးပို့နိုင်စေရန် အဆင်သင့်ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုချင်းစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံလုံလောက်မှုရှိရမည်–

(က) စီးပွားဆက်ဆံဆောင်ရွက်မှုရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါ လွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ ငါးနှစ်အထိ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ ငွေစာရင်းမှတ်တမ်းများနှင့် စီးပွားရေးဆိုင်ရာ စာအဆက်အသွယ်များအပါအဝင် သက်သေခံအထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းမှတစ်ဆင့် ရရှိထားသော မှတ်တမ်းမှတ်ရာများ၊ စိစစ်ခြင်းမှရရှိသည့် စာရွက်စာတမ်းများနှင့် မည်သည့်ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းမှမဆို ရရှိသည့်ရလဒ်များ၊

( ခ ) ပြည်တွင်းပြည်ပ လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှ နောက်ထပ် ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာ မှတ်တမ်းများ၊

( ဂ ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့တင်ပြခဲ့မှု အနည်းဆုံးငါးနှစ်ကြာပြီဖြစ်သည့် ဤအခန်း ၉ အရ လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှုပြီးဆုံးချိန် သို့မဟုတ် နောက်ဆုံးမွမ်းမံပြင်ဆင်သည့်အချိန် ငါးနှစ်ကျော်လွန်သည့် အန္တရာယ်အဆင့်အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၃၂။ (က) သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ (၂)နှင့် (၃)တို့အရ ဖော်ပြထားသော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အောက်ပါအချက်များကို ဆောင်ရွက်နိုင်စွမ်းရှိသော ကြားခံပုဂ္ဂိုလ်ကိုအားထား၍ ဆောင်ရွက်နိုင်သည်–

(၁) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဃ)အရ လိုအပ်သည့် သတင်းအချက်အလက်များကို ချက်ချင်းရယူခြင်း၊

(၂) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဃ)အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားနှင့် အခြားအထောက်အထားများ၏ မိတ္တူကိုတောင်းဆိုချက်အရ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) အဆိုပါကြားခံပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအပေါ် စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကြပ်မတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းများထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်း ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် အရေးယူဆောင်ရွက်မှုများ ချမှတ်ထားရှိပြီးဖြစ်ကြောင်း ကျေနပ်ဖွယ်ဖြစ်သည်အထိ ဆောင်ရွက်ထားနိုင်ခြင်း။

( ခ ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် စိစစ်အတည်ပြုခြင်းများသည် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်း၏ တာဝန်သာဖြစ်သည်။

၃၃။ သတင်းပို့အဖွဲ့အစည်းသည် ဝန်ဆောင်မှုပေးသည့် နည်းလမ်းသစ်များ(new delivery mechanisms) အပါအဝင် ထုတ်ကုန်အသစ်များ (new products)နှင့် စီးပွားရေးလုပ်ငန်းအသစ် (new business practices)များအတွက်လည်းကောင်း၊ ထုတ်ကုန်အသစ်များနှင့် ရှိရင်းစွဲထုတ်ကုန်များအတွက် နည်းပညာအသစ် သို့မဟုတ် နည်းပညာအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ယင်းတို့ကို စတင်အသုံးပြုခြင်းမပြုမီ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့်ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရမည်။

၃၄။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် အလားတူ အခြားဆက်ဆံဆောင်ရွက်မှုများမပြုလုပ်မီ ပုဒ်မ ၂၇ ပြဋ္ဌာန်းချက်ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်း ဆောင်ရွက်ရမည်–

(က) မိမိနှင့် စီးပွားဆက်ဆံဆောင်ရွက်သော နိုင်ငံရပ်ခြားမှ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းသဘောသဘာဝကို နားလည်သဘောပေါက်စေရန်၊ ၎င်း၏ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရမှု သို့မဟုတ် အရေးယူခြင်းခံခဲ့ရမှု ရှိ မရှိကို ဆုံးဖြတ်နိုင်ရန်အတွက် လုံလောက်မှုရှိသောသတင်းအချက်အလက်များနှင့် ကြီးကြပ်မှုအရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရယူခြင်း၊

( ခ ) အဆက်အသွယ်ဘဏ်လုပ်ငန်းအသစ်မစတင်မီ အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

( ဂ ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှုကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားအသီးသီးကို ရှင်းလင်းစွာ နားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်း၊

( င ) ပေးချေမှုအတွက် တစ်ဆင့်အသုံးပြုသော ဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လက်ခံဆောင်ရွက်သည့် ဘဏ်၏ဆက်သွယ်ဆောင်ရွက်သူများက မိမိတို့၏ ငွေစာရင်းများကို တိုက်ရိုက်ရယူအသုံးပြုကြောင်းနှင့် အဆိုပါလက်ခံဆောင်ရွက်သည့် ဘဏ်အနေဖြင့် မိမိကတောင်းဆိုသည့်အခါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်နိုင်စွမ်းရှိကြောင်း ကျေနပ်လက်ခံမှုရှိသည်အထိ ဆောင်ရွက်ထားရှိခြင်း။

၃၅။ (က) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေပေးချေခြင်း၊ ငွေလွှဲခြင်း သို့မဟုတ် တန်ဖိုးတူလွှဲပြောင်းပေးပို့ချက်များနှင့် ၎င်းတို့နှင့်ဆက်စပ်မှုရှိသည့် လုပ်ငန်းများအတွက် ငွေလွှဲသူနှင့် ငွေလက်ခံသူတို့၏ အချက်အလက်များအား တိကျစွာ ရယူထားရမည်ဖြစ်သည်။ အဆိုပါသတင်းအချက်အလက်များသည် ငွေပေးချေမှုကွင်းဆက်တစ်လျှောက်လုံးတွင် ယင်းငွေလွှဲခြင်း သို့မဟုတ် ဆက်စပ်မှုရှိသည့် အမှာစာများနှင့်အတူ ဆက်လက်တည်ရှိနေစေရန် သေချာအောင် ဆောင်ရွက်ထားရှိရမည်။

*စာမျက်နှာ ၁၄ သို့*

*စာမျက်နှာ ၁၃ မှ*

( ခ ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ ငွေကြေးလွှဲပြောင်းဆောင်ရွက်ခြင်းအတွက် ထပ်လောင်းဆောင်ရွက်ရမည့်အချက်များကို ညွှန်ကြားချက်ထုတ်ပြန်ရမည်။

( ဂ ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် အောက်ပါတို့နှင့်သက်ဆိုင်ခြင်း မရှိစေရ–

(၁) အရောင်းအဝယ်နှင့်သက်ဆိုင်သည့်လွှဲပြောင်းဆောင်ရွက်မှုတိုင်းနှင့်အတူ အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များ၏နံပါတ်များပါရှိရန် စီစဉ်ဆောင်ရွက်ထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရန်အတွက် အကြွေးဝယ်ကတ်၊ မြီစားကတ်၊ ကြိုတင်ငွေဖြည့်ကတ် သို့မဟုတ် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြု၍ ဆောင်ရွက်သည့် အရောင်းအဝယ်ဆိုင်ရာ လွှဲပြောင်းဆောင်ရွက်မှု၊

(၂) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကိုယ်စားဆောင်ရွက်သည့် ကနဦးလွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တို့သည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ပါက ယင်းငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ဆောင်ရွက်သည့်လွှဲပြောင်းမှု။

(ဃ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)တွင် ဖော်ပြထားသောခြွင်းချက်သည် ပုဂ္ဂိုလ်တစ်ဦးမှ ပုဂ္ဂိုလ်တစ်ဦးထံသို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲခြင်းဟု အဓိပ္ပာယ်သက်ရောက်မှုရှိသော ငွေပေးချေမှုစနစ်တစ်ရပ်အနေဖြင့် အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များကို အသုံးပြုခြင်းများနှင့် သက်ဆိုင်မှုမရှိစေရ။ ထိုကဲ့သို့သောဖြစ်စဉ်မျိုးတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားချက်များကို လိုက်နာကျင့်သုံးရမည်။

၃၆။ သတင်းပို့အဖွဲ့အစည်းသည်–

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်နှင့် မိမိတို့၏ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များကို လျော့ပါးစေရေးအတွက် ထိရောက်စွာစီမံခန့်ခွဲရန် အောက်ပါအချက်များပါဝင်သောဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန် နည်းစနစ်များကို သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ပြုလုပ်ရမည်။ ထို့ပြင်လိုအပ်ပါက စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်–

( ၁ ) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ် အလေးထားစိစစ်ခြင်း၊ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန်တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ၊

( ၂ ) ဝန်ထမ်းများ စတင်ခန့်ထားရာတွင် အသုံးပြုမည့် စိစစ်ခြင်းလုပ်ထုံးလုပ်နည်းများအပါအဝင် မိမိဝန်ထမ်းများ၏ ဂုဏ်သိက္ခာအဆင့်အတန်းမြင့်မားစေရန် ကြီးကြပ်သည့်လုပ်ထုံးလုပ်နည်းများနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေး နောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန် နည်းစနစ်များ၊

( ၃ ) မိမိနှင့် ဆက်သွယ်ဆောင်ရွက်သူကို သိရှိခြင်း၊ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အထူးတာဝန်ဝတ္တရားများနှင့် အခန်း ၉ ပါ သတင်းပို့ရန် လိုအပ်သည့် လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများက အကူအညီပေးနိုင်ရန် စဉ်ဆက်မပြတ် လေ့ကျင့်ရေးအစီအစဉ်များ၊

( ၄ ) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူဆောင်ရွက်မှုများ၏ထိရောက်မှုကိုစစ်ဆေးရန်လွတ်လပ်သောစစ်ဆေးရေးလုပ်ငန်းစဉ်များ။

( ခ ) အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိတစ်ဦးအား ခန့်အပ်ထားရှိရမည်။

( ဂ ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)အရ အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများ၏ ပမာဏ၊ ဆက်သွယ်ဆောင်ရွက်သူများ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးသည့် နည်းလမ်းများနှင့် အတိုင်းအတာ၊ အဆိုပါ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်နိုင်ငံများနှင့် ပထဝီဝင်အနေအထားစသည့်အချက်များကို ထည့်သွင်းသုံးသပ်ရမည်။ ငွေလွှဲပေးပို့သူနှင့် အကျိုးခံစားခွင့်ရှိသူ၏ သတင်းအချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပေးချေမှုများနှင့် တန်ဖိုးတူလွှဲပြောင်းပေးပို့မှုများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲရမည့်အပြင် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများလည်း ဆောင်ရွက်ရမည်။

(ဃ) အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်–

( ၁ ) သတ်မှတ်ထားသည့် ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန် နည်းစနစ်များကို နိုင်ငံရပ်ခြားလုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများ အပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးစေခြင်း၊

( ၂ ) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အားဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် စီမံခန့်ခွဲခြင်းတို့ကိုဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှု လုံခြုံရေးနှင့် အသုံးပြုရေး လုပ်ထုံးလုပ်နည်းများ အပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ထုံးလုပ်နည်းများ ထားရှိစေခြင်း။

၃၇။ သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်ထားသည့် အရာရှိအား အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းရမည်–

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊

( ခ ) သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကို မဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၃၈။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုး ပမာဏထက်ကျော်လွန်လျှင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ချက်ချင်းသတင်းပို့ရမည်။

၃၉။ သတင်းပို့အဖွဲ့အစည်းသည် မည်သည့်လွှဲပြောင်းဆောင်ရွက်မှု၊ ငွေကြေး သို့မဟုတ် ပစ္စည်းမဆို ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များဖြစ်သည် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် အကြမ်းဖက်လုပ်ရပ် သို့မဟုတ် အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့နှင့်ဆက်နွှယ်ပတ်သက်သည် သို့မဟုတ် ချိတ်ဆက်မှုရှိသည် သို့မဟုတ် ယင်းတို့အတွက် အသုံးပြုရန်ရှိသည်ဟု သံသယဖြစ်လျှင် သို့မဟုတ် သံသယဖြစ်ရန် ကျိုးကြောင်းခိုင်လုံသည့် အကြောင်းရင်းခံများရှိလျှင် သံသယဖြစ်မှုကို တင်ပြရန် အစီရင်ခံစာကိုပြုစုပြီးနောက် သံသယဖြစ်ဖွယ်လွှဲပြောင်း ဆောင်ရွက်မှုအစီရင်ခံစာကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ယင်းအဖွဲ့က သတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းများနှင့်အညီ ချက်ချင်းတင်ပြရမည်။ အဆိုပါပြဋ္ဌာန်းချက်သည် ဆောင်ရွက်ပြီးဖြစ်သည့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှုနှစ်ရပ်လုံးနှင့် သက်ဆိုင်စေရမည့်အပြင် အဆိုပါလွှဲပြောင်းဆောင်ရွက်မှုတွင်ပါဝင်သည့် တန်ဖိုးပမာဏကို ထည့်သွင်းစဉ်းစားခြင်းမပြုရ။

၄၀။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်း ဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွှယ်မှုရှိသည်ဟုယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားကို အကြိမ်ကြိမ် ဆောင်ရွက်သည်ဖြစ်စေ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

၄၁။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုမှုကို ရှောင်ရှားခြင်းဆိုင်ရာ အကြံပေးခြင်းအပါအဝင် ဥပဒေရေးရာရပ်တည်ချက်ကို ဆုံးဖြတ်သည့်ကိစ္စရပ်များဆိုင်ရာ အချက်အလက်များကို သတင်းပို့ရန် တာဝန်မရှိစေရ။

၄၂။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်နှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ၊ စာရင်းကိုင်များသည် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့ ဆက်သွယ်ဆောင်ရွက်သူအတွက် သို့မဟုတ် ယင်း၏ ကိုယ်စားဆောင်ရွက်သည့်အခါ ပုဒ်မ ၄၀ တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူထံမှ လက်ခံရရှိခြင်းမဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တောင်းဆိုသော အခြားသတင်းအချက်အလက်များကို တင်ပြရမည်။

## အခန်း (၁၀)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၄၃။ ကြီးကြပ်ရေးအာဏာပိုင်သည်–

(က) သတင်းပို့အဖွဲ့အစည်းက ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအား မပျက်မကွက် တိကျစွာလိုက်နာဆောင်ရွက်စေရန် ထိန်းသိမ်းကြီးကြပ်ရမည်။

( ခ ) သတင်းပို့အဖွဲ့အစည်းတစ်ခုတွင် အရေးပါသော သို့မဟုတ် ထိန်းချုပ်နိုင်သော အခန်းကဏ္ဍကို ပိုင်ဆိုင်ခြင်း သို့မဟုတ် အုပ်ချုပ်မှုတာဝန်ထမ်းဆောင်ခြင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အဖြစ် ပြစ်မှုကျူးလွန်သူများ သို့မဟုတ် ၎င်းတို့နှင့် ဆက်နွှယ်သူများ ပါဝင်ဆောင်ရွက်မှုမရှိစေရေးအတွက် လိုအပ်သည့် စည်းကမ်းသတ်မှတ်ချက်များချမှတ်ရမည်။

( ဂ ) အန္တရာယ်အခြေပြုချဉ်းကပ်မှုဖြင့် ကြီးကြပ်မှုကို ဆောင်ရွက်ရန် လုပ်ငန်းခွင်ပြင်ပ စစ်ဆေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးခြင်း၊ အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ် အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်း ဆောင်ရွက်ရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းထံမှ သတင်းအချက်အလက်များနှင့် အခြားသောအချက်အလက်များကို ရယူစုဆောင်းခြင်းနှင့် စာရွက်စာတမ်းများ တောင်းယူစစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

( င ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား ကြီးကြပ်ရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် နိုင်ငံတကာစံသတ်မှတ်ချက်များကိုပါ ထည့်သွင်း၍ လိုက်နာစေရန် ဆောင်ရွက်ရမည်။

( စ ) သတင်းပို့အဖွဲ့အစည်းအတွက် သတင်းပို့ရန် ငွေကြေးနှင့်ပစ္စည်းတန်ဖိုးပမာဏအား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ညှိနှိုင်း၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းအတွက် တန်ဖိုးပမာဏသတ်မှတ်ခြင်း ဆောင်ရွက်ရမည်။

(ဆ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော သို့မဟုတ် ချိုးဖောက်သော သတင်းပို့အဖွဲ့အစည်းကို စီမံခန့်ခွဲမှုအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မှု အစီအစဉ်များချမှတ်၍ ကျင့်သုံးဆောင်ရွက်ရမည်။

( ဇ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ စုံစမ်းစစ်ဆေးခြင်း၌ဖြစ်စေ၊ တရားစွဲဆို တင်ပို့ခြင်း၌ဖြစ်စေ အခြားသော ပြည်တွင်း သို့မဟုတ် ပြည်ပအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

( ဈ ) သတင်းပို့အဖွဲ့အစည်း၏ ပြည်ပလုပ်ငန်းခွဲများကဖြစ်စေ၊ ယင်းတို့က အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံကုမ္ပဏီခွဲများကဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တည်ဆဲပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများနှင့်သော်လည်းကောင်း ညီညွတ်သည့် အရေးယူဆောင်ရွက်မှုများကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်အတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိကို စိစစ်နိုင်သည်။

(ည) လုပ်ငန်းခွင်ပြင်ပ စစ်ဆေးခြင်း၊ လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးခြင်း သို့မဟုတ် အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ်အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်းဆောင်ရွက်သည့်အချိန်တွင် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်စပ်နိုင်သော မည်သည့်လွှဲပြောင်းဆောင်ရွက်မှုနှင့် အချက်အလက်များကိုမဆို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်း သတင်းပို့ရမည်။

*စာမျက်နှာ ၁၅ သို့*

*စာမျက်နှာ ၁၄ မှ*

(ဠ) သတင်းပို့အဖွဲ့အစည်းတွင် တည်ဆဲဥပဒေများအရ ယင်းတို့နှင့် ကိုက်ညီသင့်လျော်မှုရှိသော သတ်မှတ်ပြဋ္ဌာန်းချက်များမရှိပါက အဆိုပါအဖွဲ့အစည်းများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ပါဝင်ခြင်းအတွက် ကိုက်ညီသင့်လျော်မှုရှိသည့် စံနှုန်း သတ်မှတ်ချက်များထားရှိပြီး ကျင့်သုံးဆောင်ရွက်စေနိုင်သည်။

(ဍ) သတင်းပို့အဖွဲ့အစည်း၏လုပ်ငန်းကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် တားမြစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဎ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် စာရင်းဇယားများကို ထိန်းသိမ်းထားရှိရမည်။

(ဏ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရေးအတွက် အဖွဲ့လိုက်အကောင်အထည်ဖော်မှုဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုအနေဖြင့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ရုံးချုပ်၊ ရုံးခွဲများ၊ ပိုင်ဆိုင်မှုအများစုရှိသည့် လက်အောက်ခံ လုပ်ငန်းခွဲများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ကြီးကြပ်မှုပြုရမည်။

၄၄။ ကြီးကြပ်ရေးအာဏာပိုင်သည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် သို့မဟုတ် ချိုးဖောက်သည့် သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်း၏ ဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေချမှတ်နိုင်သည်–

(က) စာဖြင့်ရေးသား သတိပေးခြင်း၊

(ခ) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့်ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာများ တင်ပြစေခြင်း၊

(ဃ) ချိုးဖောက်မှု အတိုင်းအတာအရ ဒဏ်ကြေးအနည်းဆုံး ကျပ်တစ်သန်းမှ အများဆုံး ကျပ်သန်းတစ်ရာအထိချမှတ်ခြင်း၊

(င) ကာလသတ်မှတ်၍ ဆိုင်းငံ့သည့်အမိန့်၊ ရုပ်သိမ်းသည့်အမိန့် သို့မဟုတ် ပယ်ဖျက်သည့်အမိန့်ချမှတ်နိုင်သည့်အပြင် စီမံခန့်ခွဲခြင်းနည်းလမ်းအရ သင့်လျော်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်သည့်အမိန့်ချမှတ်ခြင်း။

၄၅။ ကြီးကြပ်ရေးအာဏာပိုင်သည် သတင်းပို့အဖွဲ့အစည်း၏ ပျက်ကွက်သည့် သို့မဟုတ် ချိုးဖောက်သည့် အတိုင်းအတာအပေါ်မူတည်၍ အချိုးညီထိရောက်ဟန့်တားမှုရှိစေရန် ရာဇဝတ်ကြောင်းအရဖြစ်စေ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်ရန် လိုအပ်ပါက ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၄၆။ ကြီးကြပ်ရေးအာဏာပိုင်သည် ပုဒ်မ ၄၄ အရ အရေးယူဆောင်ရွက်မှုကို ဗဟိုအဖွဲ့သို့ သတင်းပို့ရမည်။

## အခန်း ( ၁၁ )

## ငွေကြေး သို့မဟုတ် ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်မှု

၄၇။ အကောက်ခွန်ဦးစီးဌာနသည် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ဝင်ရောက်သူ သို့မဟုတ် ပြည်ပသို့ ထွက်ခွာသူက ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ သယ်ယူလာလျှင်သော်လည်းကောင်း၊ ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့် နည်းလမ်းဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း တရားဝင်ကြေညာရမည့် တန်ဖိုးပမာဏကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ညှိနှိုင်း၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၄၈။ သတ်မှတ်ထားသောတန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ကျော်လွန်သည့် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ဝင်ရောက်သူ သို့မဟုတ် ပြည်ပသို့ထွက်ခွာသူက ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ သယ်ယူလာလျှင်သော်လည်းကောင်း၊ ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့် နည်းလမ်းဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း အကောက်ခွန်ဦးစီးဌာနသို့ တရားဝင်ကြေညာရမည်။

၄၉။ အကောက်ခွန်ဦးစီးဌာနသည်–

(က) ပုဒ်မ ၄၈ နှင့်အညီ ကြေညာရန်ပျက်ကွက်သည့် သို့မဟုတ် လိမ်လည်ကြေညာသည့် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို သိမ်းဆည်းရမည်။

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော ပြစ်မှုများနှင့် ဆက်နွယ်ပတ်သက်သည်ဟု သံသယရှိသော ကိစ္စရပ်များတွင် ဤဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။

၅၀။ အကောက်ခွန်ဦးစီးဌာနသည် ဤအခန်းပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိသည်–

(က) ပုဂ္ဂိုလ်များ၊ ယင်းတို့၏ ဝန်စည်စလယ်များ၊ ယင်းတို့၏ သယ်ယူပို့ဆောင်မှုနှင့် ချောစာပေးပို့မှု နည်းလမ်းများ သို့မဟုတ် ကုန်သေတ္တာများအပေါ် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်း၊

(ခ) လိမ်လည်ကြေညာခြင်း သို့မဟုတ် ကြေညာရန်ပျက်ကွက်ခြင်းများကို တွေ့ရှိလျှင်ဖြစ်စေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်သံသယရှိလျှင်ဖြစ်စေ ပုဒ်မခွဲ(က)ပါပုဂ္ဂိုလ်များထံမှ အဆိုပါငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏ ပိုင်ဆိုင်မှုမူလဇာစ်မြစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အသစ်များ၊ ထပ်မံလိုအပ်သော သတင်းအချက်အလက်များကို တောင်းခံခြင်း၊ ရယူခြင်းနှင့် ယင်းတို့ကို အသုံးပြုမည့် ရည်ရွယ်ချက်များကို မေးမြန်းခြင်း။

၅၁။ အကောက်ခွန်ဦးစီးဌာနသည် ဤဥပဒေပြဋ္ဌာန်းချက်များအရရရှိသည့် သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့ရမည်။ ထို့အပြင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် သတင်းဖလှယ်နိုင်သည်။

၅၂။ အကောက်ခွန်ဦးစီးဌာနသည် ထုတ်ဖော်ကြေညာချက်မှတ်တမ်း၊ ယင်းနှင့်သက်ဆိုင်သော စစ်ဆေးခြင်းနှင့် သိမ်းဆည်းခြင်းဆိုင်ရာမှတ်တမ်းများနှင့် အခြားဆက်စပ်ဆောင်ရွက်ချက် မှတ်တမ်းများကို အနည်းဆုံး ငါးနှစ်အထိ ပြည့်စုံစွာ ထိန်းသိမ်းထားရှိရမည်။ သက်ဆိုင်ရာ အာဏာပိုင်များမှ တောင်းခံပါက အဆိုပါမှတ်တမ်းများကို ပေးအပ်ရမည်။

## အခန်း ( ၁၂ )

## တားမြစ်ချက်များ

၅၃။ (က) မည်သူမျှ နိုင်ငံတော်အတွင်း သဏ္ဌာန်ဆောင်ဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်း မပြုရ။

(ခ) မည်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမျှ သဏ္ဌာန်ဆောင်ဘဏ် သို့မဟုတ် သဏ္ဌာန်ဆောင်ဘဏ်အား ဝန်ဆောင်မှုပေးသည့် ဘဏ်၊ မိမိ၏ ငွေစာရင်းများကို သဏ္ဌာန်ဆောင်ဘဏ်အား အသုံးပြုရန် ခွင့်ပြုထားသည့် အဆက်အသွယ်ဘဏ် သို့မဟုတ် အခြား ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

၅၄။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း သို့မဟုတ် သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမျှ ပုဒ်မ ၃၈၊ ၃၉၊ ၄၀ တို့အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွယ်သည့် သတင်းအချက်အလက်နှင့်ဆောင်ရွက်ချက် တစ်စုံတစ်ရာကို မိမိတို့ဝန်ထမ်းအချင်းချင်းနှင့် ဥပဒေအကျိုးဆောင်များ အကြားမှ တစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောကြားခြင်းမပြုရ။

**ခြွင်းချက်။** သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တာဝန်အရ ထုတ်ဖော်ပြောကြားချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅၅။ ဤဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှအပ မည်သူမျှသံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်တစ်ရပ်ကိုပြုစုခဲ့သည့် သို့မဟုတ် ကိုင်တွယ်ဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ်ကို ဖော်ထုတ်နိုင်သော သို့မဟုတ် ဖော်ထုတ်နိုင်ဖွယ်ရှိသော မည်သည့်သတင်းအချက်အလက်ကိုမဆို ထုတ်ဖော်ပြောကြားခြင်း မပြုရ။

၅၆။ မည်သူမျှ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက် သို့မဟုတ် အဆိုပါသတင်းပို့ချက်တွင်ပါဝင်သည့် သတင်းအချက်အလက်တစ်စုံတစ်ရာကို တရားရုံးက ထုတ်ဖော်ပြောကြားရန် သီးခြားခွင့်ပြုချက် မရှိလျှင် ထုတ်ဖော်ပြောကြားခြင်း မပြုရ။

၅၇။ ကြီးကြပ်ရေးအာဏာပိုင်ထံမှ ခွင့်ပြုထုတ်ပေးသည့် လိုင်စင် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်၍ ဆောင်ရွက်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းများ၊ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းကိုလုပ်ကိုင်သည့် မည်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမျှ ကြီးကြပ်ရေးအာဏာပိုင်ထံ ကြိုတင်တင်ပြခြင်းမရှိဘဲ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)ပါလုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ။

## အခန်း ( ၁၃ )

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၈။ မည်သူမဆို ငွေကြေးခဝါချမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်း ငါးဆယ်မှ အများဆုံး ကျပ်သန်းတစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သန်းနှစ်ရာမှ အများဆုံး ကျပ်သန်းငါးရာအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အား အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်းတစ်ရာမှ အများဆုံး ကျပ်သန်းသုံးရာအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၅၉။ (က) ငွေကြေးခဝါချမှုကို အားပေးကူညီသည့်ပြစ်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ငွေကြေးခဝါချမှုအတွက် သတ်မှတ်ထားသောပြစ်ဒဏ်အတိုင်း ကျခံစေရမည်။

(ခ) ငွေကြေးခဝါချမှုကို ကျူးလွန်ရန် အားထုတ်ရာတွင် ငွေကြေးခဝါချမှုကျူးလွန်ခြင်းကို ရှေးရှုသော ပြုလုပ်မှုတစ်ခုကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေကြေးခဝါချမှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ထောင်ဒဏ်ကာလ အပိုင်းအခြား၏ ထက်ဝက်အထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၀။ ဘဏ်မှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၄၀၊ သို့မဟုတ် ပုဒ်မ ၅၃(ခ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်းနှစ်ရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘဏ်အား ကျပ်သန်းငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၄၀ သို့မဟုတ် ၅၃(ခ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ငွေရေးကြေးရေးအဖွဲ့အစည်းအား ကျပ်သန်း သုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၂။ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း(Designated Non–Financial Businesses and Professions– DNFBPs) ကို လုပ်ကိုင်သည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ (ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းတစ်ရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သော အခြားစီးပွားရေး လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား ကျပ်သန်းနှစ်ရာထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

၆၃။ (က) မည်သူမဆို ပုဒ်မ ၅၃၊ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မ ၅၇ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်း ငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

(ခ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၅၃၊ ပုဒ်မခွဲ(ခ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းအား ကျပ်သန်း ငါးရာထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၀ အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ်သန်းငါးဆယ်မှ အများဆုံး ကျပ်သန်းတစ်ရာအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းအား ကျပ်သန်းငါးရာထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၅။ မည်သူမဆို ပုဒ်မ ၄၈ ပါပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ငွေကြေး သို့မဟုတ် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများဆိုင်ရာ လိမ်လည်ကြေညာမှုကို ပြုလုပ်လျှင်ဖြစ်စေ၊ အကောက်ခွန်အရာရှိ၊ သက်ဆိုင်ရာအရာရှိ သို့မဟုတ် အာဏာပိုင်တစ်ဦးဦးထံ ထုတ်ဖော်ကြေညာရမည့် အချက်အလက်များကို ဖုံးကွယ်လျှင်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့် ကိုင်ဆောင်သူက လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၆။ မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ၎င်းအား ထုတ်ဆင့်သည့် ငွေကြေးနှင့်ပစ္စည်းများဆိုင်ရာ တားမြစ်မိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းနှစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်း သုံးရာထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၇။ သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၅၄၊ ၅၅ သို့မဟုတ် ၅၆ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်းတစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူဖြစ်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သည့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း အဖွဲ့ဝင် သို့မဟုတ် စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်မဆို ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် အောက်ပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ကျပ်သန်းနှစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်–

(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်း မပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူ တစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ခ) ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့် ပစ္စည်းကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း၊

(ဂ) စာတမ်းအမှတ်အသားများအား ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ မမှန်မကန်ရေးသွင်းခြင်း။

၆၉။ မည်သူမဆို ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ချိုးဖောက်ကြောင်း သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပေါ့လျော့စွာဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားပါက ထိုသူအား ကျပ်သန်းတစ်ရာထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းအား ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

**အခန်း ( ၁၄ )**

**နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းနှင့် စီမံခန့်ခွဲခြင်း**

၇၀။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့်သက်ဆိုင်သော အကျိုးအမြတ်၊ အသုံးပြုပစ္စည်းအပါအဝင် သက်သေခံပစ္စည်းအားလုံးကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၇၁။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေအရ စစ်ဆေးစီရင်သောအမှုတွင် အမိန့်ချမှတ်သည့် ငွေဒဏ်၏ ၂၅ ရာခိုင်နှုန်းကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေသို့ ပေးသွင်းရန် အမိန့်ချမှတ်ရမည်။

**အခန်း ( ၁၅ )**

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၇၂။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ ဥပဒေစိုးမိုးရေး အဖွဲ့အစည်းနှင့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းဝင် နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်–

(က) ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် အခြားသတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ လုံခြုံစိတ်ချရသောနည်းလမ်းအသုံးပြု၍ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ် သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းထံသို့ ဆောလျင်စွာပေးအပ်ခြင်းနှင့် ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်အား သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ပေးအပ်ခြင်း၊

(ခ) ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်နွှယ်သည့် ငွေကြေးနှင့်ပစ္စည်းများအား အတည်ပြုဖော်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် နိုင်ငံဘဏ္ဍာသိမ်းဆည်းခြင်းအပါအဝင် ပြစ်မှုဆိုင်ရာ အကူအညီတောင်းခံသည့် ကိစ္စရပ်များ၌ "ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ"နှင့်အညီ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ သဘောတူညီချက်များဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) မှုခင်းများ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူခြင်းနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများမှ တရားခံလွှဲပြောင်းရေး တောင်းဆိုမှုများနှင့် အခြားပုံစံများဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပူးတွဲစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းချက်ဖလှယ်ခြင်းနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် ပါဝင်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းနှင့် တားဆီးနှိမ်နင်းခြင်းကိစ္စရပ်များအတွက် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းနှင့် နည်းပညာအကူအညီများ ပေးအပ်ခြင်း၊ လက်ခံခြင်း၊

(စ) ဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုများနှင့် ပြစ်မှုကျူးလွန်သည့် နည်းပုံစံများအပေါ် အခြေခံ၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နည်းပညာသစ်များ ပေါ်ထွန်းရေး၊ မူဝါဒပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) တိကျမှန်ကန်ပြီး နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက အချိန်နှင့် တစ်ပြေးညီ ရယူနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊ အဆိုပါသတင်း အချက်အလက်များကို နိုင်ငံတကာနှင့် သတင်းဖလှယ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း။

**အခန်း ( ၁၆ )**

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေ**

၇၃။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေကို အောက်ပါ ရငွေများ၊ ပစ္စည်းများဖြင့် ထူထောင်နိုင်သည်–

(က) တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) ဤဥပဒေပုဒ်မ ၇၁ အရ တရားရုံးက အမိန့်ချမှတ်သည့် ငွေဒဏ်၏ ၂၅ ရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများ၊

(ဃ) ဤဥပဒေပုဒ်မ ၄၄ (ဃ) အရ စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူမှုများမှ ရရှိသည့် ဒဏ်ကြေးငွေများ။

၇၄။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေကို အောက်ပါလုပ်ငန်းများတွင် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များကျခံရန် ခွင့်ပြုနိုင်သည်–

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် လိုအပ်သော အစီအမံများချမှတ်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လိုအပ်သောကုန်ကျစရိတ်များ၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဖော်ထုတ်ရာတွင် အကူအညီပေးသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ၊ စွမ်းရည်မြှင့်တင်ရေးအစီအမံများ ဆောင်ရွက်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ အတွက် အထောက်အကူပြုပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သူကို ဆုချီးမြှင့်ခြင်း၊

(ဇ) ဗဟိုအဖွဲ့ကသတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ် လုပ်ငန်း တာဝန်များ ဆောင်ရွက်ခြင်း။

၇၅။ (က) ဗဟိုအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထောက်ပံ့လှူဒါန်းထားသောပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရန်ပုံငွေစီမံခန့်ခွဲခြင်းဆိုင်ရာစည်းမျဉ်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

(ခ) ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဗဟိုအဖွဲ့၏ ရုံးအဖွဲ့က ငွေထုတ်သူအရာရှိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ဗဟိုအဖွဲ့၏ ရုံးအဖွဲ့သည် ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျစာရင်းပြုစုထားရှိပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

**အခန်း ( ၁၇ )**

**အထွေထွေ**

၇၆။ ဗဟိုအဖွဲ့သည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အတွက် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ချက်ကို သီးခြားသတ်မှတ်ဆောင်ရွက်ပေးနိုင်သည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

၇၇။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်သည့် သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်း၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများကို ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် စီမံခန့်ခွဲမှုနည်းလမ်းများအရဖြစ်စေ အရေးယူခြင်းမပြုရ။

(ခ) သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများက လိုက်နာရမည့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတိပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသည်။

၇၈။ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များမဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရမည်။

၇၉။ တရားစွဲအဖွဲ့အစည်းသည် ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ တရားစွဲဆိုရာတွင်-

(က) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များသည် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ဥပဒေကြောင်းအရမြင်သာသော အထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းငွေကြေးနှင့် ပစ္စည်းများကိုရရှိစေခဲ့သည့် မူလပြစ်မှုကို မည်ကဲ့သို့ကျူးလွန်ခဲ့ကြောင်းနှင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရကြောင်းကို သက်သေတင်ပြရန် လိုအပ်ခြင်း မရှိစေရ။

( ခ ) ပုဒ်မခွဲ(က)ပါ ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ၏ ပမာဏကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

( ဂ ) ငွေကြေးခဝါချမှု ပြစ်မှုမြောက်စေရန် လိုအပ်ချက်ဖြစ်သော အသိအမြင်၊ သံသယဖြစ်မှု၊ ရည်ရွယ်ချက် သို့မဟုတ် ကြံရွယ်ချက်များကို ဖြစ်ရပ်မှန် အကြောင်းခြင်းရာများမှ ကောက်ယူနိုင်သည်။

၈၀။ ဤဥပဒေအရ အရေးယူပိုင်ခွင့်ရှိသည့်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၁။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းများအား ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကူညီပံ့ပိုးခြင်းများ ပြုလုပ်ရမည်။

၈၂။ ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းခံနေရသူ မဟုတ်သော အခြားသူတစ်ဦးတစ်ယောက်က ယင်းငွေကြေးနှင့် ပစ္စည်းများအား သဘောရိုးဖြင့် ထိုက်တန်သည့် အဖိုးစားနားပေး၍ လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ယင်း၏ ရပိုင်ခွင့်နှင့် အခွင့်အရေးတို့ကို ထိခိုက်ခြင်းမရှိစေရ။

၈၃။ မည်သူမဆို ဤဥပဒေအရ ငွေကြေးခဝါချမှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် စစ်ဆေးခံရသူအပေါ် တရားမျှတစွာပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများ ရရှိစေရေးတို့အတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈၄။ ငွေကြေးခဝါချမှုဖြင့်စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူသည် နိုင်ငံခြားသားဖြစ်ပါက ယင်း၏ အခွင့်အရေးများရရှိရေးအတွက် ယင်းပုဂ္ဂိုလ် နိုင်ငံသားဖြစ်သည့် နိုင်ငံ၏အနီးစပ်ဆုံး သင့်လျော်ရာ သံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေး ရရှိစေရမည်။

၈၅။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့ အဖွဲ့အစည်း၊ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရသည့် အခြားသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် မိမိတာဝန် ထမ်းဆောင်နေစဉ်အတွင်း လက်ခံရရှိသည့် မည်သည့် သတင်းအချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည့်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိရမည် ဖြစ်ပြီး တာဝန်ရှိသူတိုင်းသည် ရရှိထားသော သတင်းအချက်အလက်များကို ဤဥပဒေပါပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏အမိန့်အရသာ အသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်အက်ဥပဒေအရ အရေးယူခြင်းခံရမည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကြီးကြပ်ရေးအာဏာပိုင်တို့သည် လိုအပ်သော ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၇။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၆/၂၀၀၂)အရဖြစ်စေ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄)အရဖြစ်စေ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၈။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကလောမြို့နယ်အားကစားကွင်း အုတ်တံတိုင်းကာရံနေမှုနှင့် နန်းသဲချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်နေမှု ကြည့်ရှု

**တောင်ကြီး မတ် ၁၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ကလောမြို့နယ်အားကစားကွင်း အုတ်တံတိုင်းကာရံနေမှုနှင့် ကလောမြို့ရှိ နန်းသဲချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အားကစားကွင်း အုတ်တံတိုင်းကာရံနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ကလောချောင်းအား ချောင်းနယ်နိမိတ်မှတ်တိုင်များ ပြန်လည်စိုက်ထူပေးရန်နှင့် သစ်ပင်ကြီးများ စိုက်ပျိုးပေးရန် တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် မိုးလုံလေလုံအားကစားရုံကို အများပြည်သူနှင့် ကလေးများ လာရောက်လေ့ကျင့်ကစားနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းကို သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ပေးရန်နှင့် မလိုလားအပ်သည့် ပစ္စည်းများကို ဖယ်ရှားရှင်းလင်းပေးရန် လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကလောချောင်း မြေထိန်းနံရံ ဆောင်ရွက်ပြီးစီးမှုနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံ အကြီးစားပြင်ဆင်နေမှု၊ ကလောဘူတာရှိ အများပြည်သူ လာရောက်အမှတ်တရ ဓာတ်ပုံရိုက်ကြသည့် We Love Kalaw နေရာ၊ ဘူတာသွားလမ်းရှိ ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဘူတာသွားလမ်း ရေနုတ်မြောင်းဖုံးများ ပျောက်ဆုံးပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ပေးရန် မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားပြီး ကလောမြို့နယ် နန်းတိုင်းကျေးရွာသွားလမ်း (၁၅/၄) မိုင်ပေါ်ရှိ နန်းသဲချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**မော်လမြိုင် မတ် ၁၂**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု Digital Marketing သင်တန်း၊ Graphic Design သင်တန်း၊ ပလတ်စတစ်ခြင်းတောင်း ရက်လုပ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရတနာထွန်းပွဲရုံတန်း ကုန်စည်ဒိုင်ခန်းမ၌ ကျင်းပသည်။



အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများတွင် Digital Marketing သင်တန်း၌ သင်တန်းသား ၁၀ ဦး၊ Graphic Design သင်တန်း၌ သင်တန်းသား ၁၀ ဦး၊ ပလတ်စတစ်ခြင်းတောင်းရက်လုပ်နည်း သင်တန်းတွင် သင်တန်းသား ၁၅ ဦးတို့ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# မြောင်းမြမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်

**မြောင်းမြ မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နောင်ရိုးခန်းမ(၂)၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက အားကစားနှင့် ကာယပညာဦးစီးဌာနသို့ အားကစားပစ္စည်းများ ပေးအပ်သည်။

နွေရာသီအခြေခံ အားကစားသင်တန်းတွင် အားကစားနည်း ၁၁ မျိုးအား နည်းပြဆရာ ၁၁ ဦးက သင်တန်းသား သင်တန်းသူ ၄၀၀ တို့အား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# တူကီယဲက မိမိတို့အရေးပေါ်သိုလှောင်ထားသော အရန်ရေနံမှ အလွန်များသည့် ရေနံပမာဏကို ထုတ်ပေးမည်

**အစ္စတန်ဘူလ် မတ် ၁၂**

နိုင်ငံတကာစွမ်းအင်အေဂျင်စီ (IEA) ၏ ဦးဆောင်ပြုလုပ်သော အကြီးဆုံးပူးပေါင်းဆောင်ရွက်သည့် ရေနံသိုလှောင်မှုများ ထုတ်ဝေဖြန့်ချိရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် တူကီယဲသည် မိမိတို့ အရေးပေါ်သိုလှောင်ထားသောအရန်ရေနံမှ ရေနံစိမ်း ပမာဏစည်ပေါင်း ၁၁ ဒသမ ၆ သန်းကို ထုတ်ဝေပေးမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးက မတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အမျိုးသား ရေနံစီမံခန့်ခွဲရေးကော်မတီက အစည်းအဝေးကျင်းပခဲ့ပြီး ရေနံထုတ်လွှတ်ပေးရန် အတည်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ရေနံထုတ်လွှတ်မှုကို ရက်ပေါင်း ၉၀ ကျော်ကြာ ဖြည်းဖြည်းချင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီး အယ်လ်ပါစလန် ဘေရက်ခ်တာက ပြောကြားသည်။ နိုင်ငံတကာစွမ်းအင်အေဂျင်စီ၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ရေနံစိမ်းစည်ပေါင်း သန်း ၄၀၀ ထုတ်လွှတ်မှုကို ပံ့ပိုးပေးသည့်အနေဖြင့် မိမိတို့၏ အရန်သိုလှောင်ထားသော ရေနံစိမ်းစည်ပေါင်း ၁၁ ဒသမ ၆ သန်းကို ထုတ်လွှတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

အဖွဲ့ဝင်နိုင်ငံပေါင်း ၃၂ နိုင်ငံရှိပြီး အပြည့်အဝအဖွဲ့ဝင်နိုင်ငံ မဟုတ်သေးသည့် ပူးပေါင်းနိုင်ငံ ၁၃ နိုင်ငံရှိသည့် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၏ ၇၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် နိုင်ငံတကာစွမ်းအင်အေဂျင်စီက မတ် ၁၁ ရက်တွင် အဖွဲ့ဝင်နိုင်ငံများအား မိမိတို့၏ အမျိုးသားအရန်ရေနံသိုလှောင်မှုမှ ရေနံစိမ်းစည်ပေါင်း သန်း ၄၀၀ ထုတ်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ အဆိုပါပမာဏသည် အေဂျင်စီ၏ သမိုင်းတွင် အကြီးမားဆုံးညှိနှိုင်းဆောင်ရွက်မှုဖြစ်သည်ဟု အမှုဆောင်ဒါရိုက်တာ ဖာတစ်ဘိုင်ရောလ်က ပြောကြားခဲ့သည်။




အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခကြောင့် ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းသည့် ရေနံစီးဆင်းမှုများ အလွန်လျော့နည်းသွားပြီး ရေနံစိမ်းနှင့် သန့်စင်ပြီးရေနံပစ္စည်း တင်ပို့မှုသည် ပဋိပက္ခမဖြစ်မီအချိန်နှင့် နှိုင်းယှဉ်လျှင် ၁၀ ရာခိုင်နှုန်းအောက် လျော့နည်းကျဆင်းသွားသည်ဟု နိုင်ငံတကာစွမ်းအင်အေဂျင်စီက ပြောသည်။

ဆင်ဟွာ

# အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် လျှပ်စစ်ဓာတ်အားခများ မြင့်တက်လာနိုင်သည်ဟု စင်ကာပူသတိပေး

**စင်ကာပူ မတ် ၁၂**

အရှေ့အလယ်ပိုင်း ဒေသတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် လာမည့်လများအတွင်း စင်ကာပူနိုင်ငံ၌ လျှပ်စစ်ဓာတ်အားခများ မြင့်တက်မည်ဟုခန့်မှန်းထားကြောင်း စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနမှ စွမ်းအင်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ တာဝန်ခံဝန်ကြီးဖြစ်သူ တန်ဆီလန်းက မတ် ၁၂ ရက်တွင် ပြောသည်။

ယင်းသို့ လျှပ်စစ်ဓာတ်အားခများ မြင့်တက်လာနိုင်မှုနှင့် ပတ်သက်၍ အစိုးရအနေဖြင့် ကြိုတင် ပြင်ဆင်ထားရှိမှုများကို ၎င်းက အလေးပေးပြောကြားသည်။

စင်ကာပူနိုင်ငံသည် နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ၉၅ ရာခိုင်နှုန်းအတွက် သဘာဝဓာတ်ငွေ့ကို တင်သွင်း၍ အသုံးပြုနေရကြောင်း တန်က ၎င်း၏ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် ဖော်ပြခဲ့သည်။



အရှေ့အလယ်ပိုင်းဒေသသည် အဓိကလောင်စာဆီထုတ်လုပ်သည့် ဒေသဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ရည် (LNG)တင်ပို့မှုကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။ ယင်းအခြေအနေကြောင့် မကြာမီကာလအတွင်း လောင်စာဆီဈေးနှုန်းများ ပိုမိုမြင့်တက်လာရန် တွန်းအားပေးနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ၏ စွမ်းအင်လုံခြုံရေးအတွက် နိုင်ငံအတွင်း ဓာတ်ငွေ့တစ်ဝက်ခန့်မှာ ဒေသတွင်း ပိုက်လိုင်းများမှဖြစ်ပြီး ၎င်းတို့မှာ လက်ရှိပဋိပက္ခတွင် သက်ရောက်မှု မရှိချေ။ ထို့ပြင် စင်ကာပူသည် အရင်းအမြစ်အမျိုးမျိုးမှ သဘာဝဓာတ်ငွေ့ရည် (LNG)ကို တင်သွင်းနေပြီး အရှေ့အလယ်ပိုင်းဒေသအပေါ် မှီခိုလွန်းခြင်းမရှိကြောင်း ၎င်းက ဆက်ပြောသည်။

ဓာတ်ငွေ့ တင်သွင်းမှု ဆိုးရွားစွာ ပြတ်တောက်မှုနှင့် ကြုံတွေ့ရပါက လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီများ အသုံးပြုနိုင်ရန် လောင်စာအရန်သိုလှောင်ထားမှုကိုလည်း တည်ထောင်ထားကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

ဓာတ်ပုံ– The straits times

# အင်ဒိုနီးရှားနိုင်ငံက ၂၀၂၆ ခုနှစ်အတွင်း သကြားတန်ချိန် သုံးသန်းထုတ်လုပ်ရန် ရည်မှန်းထား

**ဂျကာတာ မတ် ၁၂**

အင်ဒိုနီးရှားနိုင်ငံသည် သကြားဖူလုံမှုရှိစေရန်နှင့် သွင်းကုန်အပေါ် မှီခိုမှုလျှော့ချရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုကို မြှင့်တင်ရန် ယခုနှစ်အတွင်း သကြားတန်ချိန် သုံးသန်းထုတ်လုပ်မှုမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လက်ရှိတွင် သကြားတန်ချိန် ၂ ဒသမ ၆၈ သန်းခန့် ထွက်ရှိရာမှ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းထောက်ပံ့မှု အားကောင်းစေရန်နှင့် ကြံစိုက်ခင်းများ၏ ကုန်ထုတ်စွမ်းအား တိုးမြှင့်စေရန် အစိုးရ၏ တွန်းအားဖြစ်စေမှုကို ရောင်ပြန်ဟပ်စေမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး အန်ဒီအမ်ရန် ဆူလိုင်မန်က မတ် ၁၀ ရက်တွင် ပြောကြားသည်။



အဆိုပါ ရည်မှန်းချက်ကို အထောက်အပံ့ဖြစ်စေရန် သကြားစက်များအတွက် ကုန်ကြမ်းထောက်ပံ့မှုတိုးမြှင့်ရန် ကြံခင်းဟက်တာတစ်သိန်းအထိ တိုးချဲ့စိုက်ပျိုးမှု အပါအဝင် ဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်း ကြံစိုက်ခင်းများ ချဲ့ထွင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အစီအစဉ်သည် စိုက်ပျိုးရေး မြှင့်တင်ရန်နှင့် ကုန်ထုတ်စွမ်းအား တိုးမြှင့်ရန် ဒေသတွင်းအစိုးရများ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် လယ်သမားများအကြား ပူးပေါင်းပါဝင်သွားမည် မည်ဖြစ်ကြောင်း ဆူလိုင်မန်က ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ၊ ဓာတ်ပုံ–ANTARA FOTO/Irfan Sumanjaya/bar**

# အီသီယိုးပီးယားနိုင်ငံတောင်ပိုင်းတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၅၂ ဦးအထိရှိလာ

**အဒစ္စအဘာဘာ မတ် ၁၂**

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်းတွင် မတ် ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၅၂ ဦးအထိ ရှိလာကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

မြေပြိုမှုကြောင့် ပျောက်ဆုံးနေသူများလည်း ရှိနေသေးကြောင်း အာဏာပိုင်များကပြောသည်။ ယခုအချိန်အထိ သေဆုံးသူ ၅၂ ဦး၏ ရုပ်အလောင်းများကို တွေ့ရှိပြီးဖြစ်ကြောင်း ဂဲမိုဇုန်အစိုးရဆက်သွယ်ရေးဌာနက အတည်ပြုထားကြောင်း လူမှုကွန်ရက်မီဒီယာတွင် မတ် ၁၂ ရက်က ဖော်ပြထားသည်။

မြေပြိုမှုကြောင့် သေဆုံးသူဦးရေမှာ ၁၀၀ ကျော်အထိရှိနိုင်ကြောင်း အရာရှိများက ပြောသည်။ အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း ဂဲမိုဇုန်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပေါ်ခဲ့ရာ ပျောက်ဆုံးနေသူ ၅၀ ခန့်ကို ဆက်လက်ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြေပြိုမှု အပျက်အစီးများနှင့် ရေလွှမ်းမိုးမှုတို့ကြောင့် မတ် ၁၁ ရက်က အများပြည်သူလမ်းကြောင်းများတွင် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများတွင် အနှောင့်အယှက် အဟန့်အတားများ ဖြစ်ပေါ်ခဲ့ရသည်ဟု အာဏာပိုင်များကပြောသည်။

အီသီယိုးပီးယားနိုင်ငံ၌ မိုးရာသီသည် ဖေဖော်ဝါရီလအတွင်းမှ စတင်ခဲ့ပြီး မတ်လအထိကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဆင်ဟွာ

# မာလာဝီနိုင်ငံက ကမ္ဘာအနှံ့ဖြစ်ပွားသည့် ရောဂါကိုကာကွယ်ရန် ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ ၂၅ သန်းရရှိ

**လီလောင်းဝီ မတ် ၁၂**

မာလာဝီအစိုးရသည် နိုင်ငံအတွင်း ကမ္ဘာအနှံ့ဖြစ်ပွားသည့်ရောဂါကာကွယ်ရန်အဆင်သင့်ရှိမှုနှင့် တုံ့ပြန်မှုတို့ အားကောင်းစေရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၅ သန်း ရရှိကြောင်း တာဝန်ရှိသူများက ပြောကြား သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ မာလာဝီဆိုင်ရာကိုယ်စားလှယ် ချားစ် အန်ဂျူဂွန်နာသည် မာလာဝီနိုင်ငံ မြို့တော်လီလောင်းဝီအတွင်း မတ် ၁၀ ရက်က ကျန်းမာရေးနှင့် သန့်ရှင်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ချားစ်ချီလမ်ဘူလာနှင့် တွေ့စုံစဉ် အဆိုပါရန်ပုံငွေကို ကြေညာခဲ့ခြင်း ဖြစ်သည်။

ဆောလျင်စွာ ရောဂါဆန်းစစ်ရှာဖွေရေးနှင့် စောင့်ရှောက်မှုအရည်အသွေးများ တိုးတက်စေရေး မာလာဝီဓာတ်ခွဲခန်းစနစ်များ အားကောင်းစေရန်အတွက် ထောက်ပံ့ကြေး ဒေါ်လာရှစ်သန်းကို လျာထားပြီးဖြစ်ကြောင်း အန်ဂျူဂွန်နာက ပြောကြားသည်။

မာလာဝီနိုင်ငံ၌ အဆိုပါထောက်ပံ့မှုသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အားကောင်းစေရန်၊ ရောဂါကာကွယ်မှုကို မြှင့်တင်ရန်၊ ရောဂါခုခံအား တိုးတက်ကောင်းမွန်စေရန်နှင့် ကူးစက်တတ်သောရောဂါနှင့် မကူးစက်တတ်သောရောဂါ နှစ်ခုလုံးကို ရင်ဆိုင်ဖြေရှင်းရန် အကူအညီဖြစ်စေမည်ဖြစ်သည်။

ဆင်ဟွာ







## မဟာအောင်မြေမြို့နယ်၌ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းဖွင့်

**မန္တလေး မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း သင်တန်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မန်းသိရိန်ဓမ္မာရုံတွင် ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းက အမှာစကားပြောကြားပြီး မဟာအောင်မြေမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှအဖွဲ့ဝင်၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ကိုကိုက မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ၊ နည်းဥပဒေများ၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်၊ မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ၊ မသန်စွမ်းသူများနှင့် ပတ်သက်သည့် ဥပဒေအကြောင်းအရာများ၊ မန္တလေးတိုင်းဒေသကြီး ဥပဒေ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စီစီဌေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါ သင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်္ဂလာဒုံမြို့နယ်၌ အလင်းရောင်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီက နွေရာသီပညာဒါနသင်တန်းများဖွင့်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ အလင်းရောင်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီကကြီးမှူး၍ ပန်းချီနှင့် ကာတွန်းရေးဆွဲနည်း သင်တန်း၊ စာစီစာကုံးရေးသားနည်းသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက်က အလင်းရောင်စာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အမှာစကားပြောကြားပြီး အလင်းရောင်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးသီဟဘော်ဇံက သင်တန်းများဖွင့်လှစ်ရခြင်းနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာ ပန်းချီဉာဏ်ဝင့်နှင့် ဆရာဦးဝမ်းဇော်ဦး(ကူမဲ)တို့က သင်တန်းများနှင့်စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းကို အပတ်စဉ် တနင်္လာနေ့မှ သောကြာအထိ ၄၅ ရက် ကြာ စာတွေ့၊ လက်တွေ့ သင်ကြားမည်ဖြစ်သည်။ **မင်းသိန်းထွန်း**

## နွေရာသီအခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် ၅ ရပ်ကွက်ရှိ ရန်ကင်းဂုဏ်ရည်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ မတ် ၁၀ ရက်က ရန်ကင်းဂုဏ်ရည်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီကကြီးမှူး၍ နွေရာသီအခြေခံပန်းချီရေးဆွဲနည်း (အခမဲ့) သင်တန်းဆင်းပွဲ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကင်းဂုဏ်ရည်စာကြည့် တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းထွန်းက နွေရာသီ ကျောင်းပိတ်ရက်၌ ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်၊ ဆေးရောင်အသုံးပြုခြင်း၊ အလင်းအမှောင်ညှိခြင်း အပါအဝင် ဖန်တီးနိုင်စွမ်းတိုးတက်စေရန်နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်း မြင့်မားစေနိုင်ရန်အတွက် အခြေခံပန်းချီပညာရပ်များကို စနစ်တကျ သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ရန်ကင်းဂုဏ်ရည်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းအား ပန်းချီနည်းပြဆရာကြီး ဦးအောင်သစ်က မတ် ၁ ရက်မှ ၁၀ ရက်အထိ သင်ကြားပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



## အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

**နေပြည်တော် မတ် ၁၂**

နွေရာသီ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဖွင့်လှစ်ရာ ဇေယျာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် ကျောင်းသား ကျောင်းသူ ၂၃ ဦးအား အခြေခံကျသည့် မျဉ်းကြောင်းရေးဆွဲနည်း၊ အလင်းအမှောင်၊ ပန်းချီပညာအယူအဆနှင့် ပန်းချီပညာ၏ အခြေခံ စည်းမျဉ်းစည်းကမ်းများကို သင်တန်းနည်းပြဆရာမ ဒေါ်ချယ်ရီအောင်သန်းက မတ် ၁၁ ရက်မှ ၁၃ ရက်အထိ သင်ကြားပေးမည်ဖြစ်သည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**



**မော်လမြိုင်မြို့နယ်၌ စက်သုံးဆီဖြန့်ဖြူးရောင်းချရေးနှင့် ဖူလုံမှုရှိစေရေးအတွက် မြို့နယ်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် အဖွဲ့ဝင်များ မော်လမြိုင်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ မတ် ၁၀ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။** ခင်စန်းမြင့်(ပြန်/ဆက်)

❑ *ကျောဖုံးမှ*

အားပြုကာ ရီးရဲမက်ဒရစ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ မန်စီးတီးအသင်းသည် ပွဲချိန်ကြာလာသည်နှင့်အမျှ ရီးရဲမက်ဒရစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဟန့်တားကာကွယ်နိုင်ခြင်းမရှိတော့ဘဲ သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဗယ်လ်ဗာဒီတစ်ဦးတည်းက ပွဲချိန် မိနစ် ၂၀၊ ၂၇ မိနစ်နှင့် ၄၂ မိနစ်တွင် ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ၅၈ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်း ပယ်နယ်တီ ကန်သွင်းမှုရရှိခဲ့ပြီး တောင်ပံတိုက်စစ်ကစားသမား ဗင်နီစီးယပ်စ်၏ အဆုံးသတ်သွင်းယူမှု သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသည့်အတွက် နစ်နာခဲ့ရသည်။ ထို့နောက် ရီးရဲမက်ဒရစ်အသင်းရော မန်စီးတီးအသင်းပါ လူစားလဲမှုများ ပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ရီးရဲမက်ဒရစ်အသင်းသည် သုံးဂိုးပြတ် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘိုဒိုဂလင့်က စပို့တင်းကို သုံးဂိုး-ဂိုးမရှိ၊ ပီအက်စ်ဂျီက ချယ်ဆီးကို ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိပြီး လေဗာကူဆင်နှင့် အာဆင်နယ် အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ထို့ကြောင့် ပြိုင်ဘက်ကို ဂိုးပြတ်သွင်းယူနိုင်ခဲ့သည့် ရီးရဲမက်ဒရစ်၊ ဘိုဒိုဂလင့်နှင့် ပီအက်စ်ဂျီအသင်းတို့သည် ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်တစ်ဆင့်တက်ရေး အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။ **အောင်ဇော်**

# ကွန်ဟိန်းမြို့နယ်၌ သဘာဝရေထွက်တော၊ ရေထိန်းတောများ ထိန်းသိမ်းကာကွယ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

ကွန်ဟိန်း မတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၌ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးဥပဒေ (၂၀၁၉)ခုနှစ်အရ ဒေသခံပြည်သူများ သောက်ရေသုံးရေအဖြစ်အသုံးပြုလျက်ရှိသည့် လိုက်ကမ်ကျေးရွာအုပ်စု ဟိုကျယ်ကျေးရွာရှိ ဟိုကျယ်ရေထွက်အား တာဝန်ရှိသူများက မတ် ၁၁ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်နှင့်ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးကော်မတီအဖွဲ့များဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့က ဒေသခံရပ်မိရပ်ဖများနှင့်အတူ သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးနှင့် စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်စေရေးအတွက် သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာအမာခံနယ်မြေနှင့် ကြားခံနယ်မြေ



ဧရိယာသတ်မှတ်ခြင်း၊ တည်နေရာပြမြေပုံများ၊ ဥပဒေပါတားမြစ်ချက်ဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြောက်ဥက္ကလာပမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ ဘာသာရပ်အား ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆို

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန လေးခု ဖွင့်လှစ်၍ ယနေ့ နံနက် ၉ နာရီတွင် အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြင့် ဝင်ရောက်ဖြေဆိုလျက်ရှိရာ မရမ်းကုန်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်မို့မို့ခိုင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်ပညာရေးမှူး၊ ကြီးကြပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)



ဖျာပုံမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုစဉ်ကာလအတွင်း မီးလောင်မီးလန့်မှုများမဖြစ်ရေးအတွက် မတ် ၁၂ ရက်က နေအိမ်လုပ်ငန်းများမီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးဇေယျမင်းခန့်နှင့်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် ရဲတပ်ဖွဲ့၊ လျှပ်စစ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် နေအိမ်များ၊ လုပ်ငန်းများအား တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးစဉ်။ ကိုလင်း

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/4658 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/7190 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/2084 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အ များသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွာသာကြီး)

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ကျွန်မ ဒေါ်ကြည်ကြည်သိန်း ၁၀/ခဆန(နိုင်)၀၃၀၉၀၂၏ ဖခင် ဦးမောင်တင်နှင့် ဦးမောင်မောင်တင်မှာ အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက် နယ်မြေ (၅) နေ မဆင်ချန်းမေဆားရ်ဇီ၏ ဖခင်အမည်မှန်မှာ ဦးဆင်ချန်းဖုန် ၁/နမန(နိုင်)၀၀၂၆၇၄ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/97006, Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင်ထွန်း ၅/မမတ(နိုင်)၀၃၀၃၈၈ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/48581, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇာဦး ၉/ပသက(နိုင်)၀၇၉၂၇၆ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစန်းဟိန်း ၏သား မောင်မြင့်မားစံ (၆/ကသန(နိုင်) ၀၅၃၁၄၆၏ နိုင်ငံကူးလက်မှတ် MC-888545 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၆၄၅၃၁၁

## သင့်သွေးဖြင့် အသက်ကယ်ပါ

## လက်ထပ်ပြီးစီးခြင်း

မောင်ဇင်ကို (၉/စကတ(နိုင်)၁၂၁၃၈၁) နှင့် မကေခိုင်မွန် (၁၃/လရန(နိုင်)၁၂၇၃၆၃) တို့သည် ၁၁-၃-၂၀၂၆ ရက်တွင် အသိသက်သေများ ရှေ့မှောက် လားရှိုးမြို့၌ "နှစ်ဦးသဘောတူ ထိမ်းမြားမင်္ဂလာ ကတိစာချုပ်"ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ ချုပ်ဆိုခဲ့ကြပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယုသဇင်ထွန်း
(LL.B, LL.M)
အထက်တန်းရှေ့နေ
(စဉ်-၃၅၅၉၅/၁၆-၁၂-၂၀၁၀)
ဖုန်း-၀၉-၂၅၈၄၁၉၉၅၁

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့နယ်၊ သွန်းဘုရားရပ်ကွက်၊ ကွင်းအမှတ်-၈/သွန်းဘုရားကြီးရပ်၊ ဦးပိုင်အမှတ်-၁၃၊ ဧရိယာ (၀.၀၆၈)ဧကေ ရှိမြေကို ဒေါ်တိုးကြည်ဖြူလွင်မှ ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တိုးကြည်ဖြူလွင်
ဖုန်း-၀၉-၄၂၈၁၄၁၇၃၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်မြို့နယ် ၊ အောင်ချမ်းသာအိမ်ရာအပိုင်း (၁) ၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့ (အဆင့်-၁ခ) ၊ မြေကွက်အမှတ်-၈၇ ၊ မြေဧရိယာ (၀ဒသမ၁၃၈) ဧကပေါ်ရှိ နှစ်ထပ် လုံးချင်း တိုက်အမှတ် (၈၇ ဘီ) ၏ မူလအမည်ပေါက် ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကြီး(ငြိမ်း) ၁၄/အဂပ(နိုင်)၀၁၅၅၂၀ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးဝင်းထွဋ် ၁၂/လမန(နိုင်)၀၉၃၈၂၀ က ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ထုတ်ယူခွင့်ပြုပါရန် ဌာနသို့ တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/99043 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## အများသိစေရန်ကြေညာချက်

